Early ACCESS
for infants, toddlers and families

မွေးခါစကလေးများ၊ စုကလေးငယ်များနှင့်မိသားစုများ

**IDEA အပိုင်း C**

# မိဘများအတွက် လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အန္တရာယ်ကာကွယ်တားဆီးမှုများ လက်ကိုင်စာအုပ်

**(အစောပိုင်း ကြားဝင်ဆောင်ရွက်မှုရှိ မိဘအုပ်ထိန်းသူဆိုင်ရာ အခွင့်အရေးများ)**

**စက်တင်ဘာ ၂၀၁၉**

Iowa ပညာရေးဌာန၊ သင်ယူသူ နည်းဗျူဟာများနှင့်
ထောက်ပံ့မှုများ ဦးဆောင် အေဂျင်စီ ဗျူရို၊
Grimes State Office Building
Des Moines, IA  50319

Iowa ပြည်နယ်ပညာရေးဌာန

**Education** Grimes State

Office Building

400 E. 14th Street

Des Moines, IA  50319-0146

## ပြည်နယ်ပညာရေးဘုတ်အဖွဲ့

Rosie Hussey, ဥက္ကဌ (President), Clear Lake
Charles C. Edwards, Jr., ဒုဥက္ကဌ (Vice President) , Des Moines
Diane Crookham-Johnson, Oskaloosa
Sister Jude Fitzpatrick, West Des Moines
Michael L. Knedler, Council Bluffs
Valorie J. Kruse, Sioux City
Mike May, Spirit Lake
Max Phillips, Woodward
LaMetta Wynn, Clinton
Edgar Thornton, ကျောင်းသားအဖွဲ့ဝင် (Student Member), Iowa City

## စီမံခန့်ခွဲအုပ်ချုပ်မှု

Brad A. Buck, ပြည်နယ်ပညာရေးဘုတ်အဖွဲ့၏ ဒါရိုက်တာနှင့် အမှုဆောင်အရာရှိ

### သင်ယူခြင်းနှင့် ရလဒ်များဌာနအပိုင်း

W. David Tilly, လက်ထောက် ဒါရိုက်တာ (Deputy Director)
Mary Delagardelle, တွဲဖက်အပိုင်း စီမံအုပ်ချုပ်သူ (Associate Division Administrator)
Thomas A. Mayes, ကိုယ်စားလှယ်ရှေ့နေ (Attorney)

### သင်ယူသူ နည်းဗျူဟာနှင့် ထောက်ပံ့မှုများ ဗျူရို

Sarah Borwn, ခေါင်းဆောင်အကြီးအကဲ (Chief)
LauraBelle Sherman-Proehl, စီမံအုပ်ချုပ်မှု အကြံပေးအတိုင်ပင်ခံ (Administrative Consultant)
Cindy Weigel, အကြံပေးအတိုင်ပင်ခံ (Consultant)

Iowaကုဒ် ပုဒ်မ 216.9 နှင့် 256.10(2)၊ 1964 နိုင်ငံသားအခွင့်အရေး အတ်ဥပဒေ ခေါင်းစဉ် VI နှင့် VII (42 U.S.C. § 2000d နှင့် 2000e)၊ 1973 တန်းတူညီမျှပေးချေမှု အတ်ဥပဒေ  (29 U.S.C. § 206, et seq.)၊ ခေါင်းစဉ် IX (ပညာရေးဆိုင်ရာပြင်ဆင်မှုများ၊ 20 U.S.C.§§ 1681 – 1688)၊ အပိုင်း 504 (1973 ပြန်လည်ထူထောင်ရေး အတ်ဥပဒေ၊ 29 U.S.C. § 794)နှင့်အမေရိကန်နိုင်ငံသားမသန်စွမ်းသူများအတ်ဥပဒေ (42 U.S.C. § 12101, et seq.) အစရှိသည့်ဥပဒေများအရ လူမျိုး၊ ဘာသာအယူဝါဒ၊ အသားအရောင်၊ လိင်ပိုင်းဆိုင်ရာအခြေအနေ၊ ကျား၊ မ၊ မူလနိုင်ငံသား၊ လိင်၊ မသန်စွမ်းမှု၊ ဘာသာရေး၊ အသက်ရွယ်၊ နိုင်ငံရေးပါတီအဖွဲ့ဆက်နွယ်မှု၊ သို့မဟုတ် ပရိုဂရမ်အစီစဉ်များ၊ လှုပ်ရှားမှုများ၊ သို့မှမဟုတ် အလုပ်ခန့်အပ်မှုဆိုင်ရာ အလေ့ကျင့်များတွင် အမှန်တကယ် သို့မဟုတ် ဖြစ်နိုင်ခြေရှိသည့် မိဘအုပ်ထိန်းမှု ဆိုင်ရာ၊ မိသားစု သို့မဟုတ် အိမ်ထောင်ရှိ၊ မရှိ အခြေအနေ စသည်တို့အပေါ်အခြေခံပြီး ခွဲခြားဆက်ဆံမှုမပြုရခြင်းသည် Iowan ပညာရေးဌာန၏မူဝါဒပေါ်လစီပင် ဖြစ်ပေသည်။ အကယ်၍ သင့်တွင် Iowa ပညာရေးဌာန၏ ဤပေါ်လစီမူဝါဒအား လိုက်နာမှုနှင့်ပတ်သက်ပြီး မေးခွန်းများ၊ သို့မဟုတ် တိုင်ကြားချက်များ ရှိလျှင် ကျေးဇူးပြုပြီး Iowa ပညာရေးဌာန၏ ဥပဒေအကြံပေး၊ Grimes State Office Building, 400 E. 14th Street, Des Moines, IA 50319-0146, တယ်လီဖုန်းနံပါတ် - 515-281-5295၊ သို့မှမဟုတ် နိုင်ငံသားအခွင့်ရေးများရုံးခန်း၏ ဒါရိုက်တာ၊ ပညာရေးဌာန၊ Citigroup Center, 500 W. Madison Street, Suite 1475, Chicago, IL 60661-4544၊ တယ်လီဖုန်းနံပါတ် - 312-730-1560, ဖက်စ်နံပါတ် - 312-730-1576, TDD နံပါတ် - 877-521-2172၊ အီးမေးလ် - OCR.Chicago@ed.gov သို့ ဆက်သွယ်ပါ။

# မာတိကာ


နိဒါန်း ....................................................................................................1

အရေးကြီးသည့်အဓိပ္ပါယ်ဖွင့်ဆိုချက်များ.......................................................................2

သတင်းအချက်လက်ပြည့်စုံစွာရရှိထားပြီးမှပြုလုပ်သည့် သဘောတူညီမှု........................3

ကြိုတင်ရေးသားသတိပေးချက်.......................................................................4

အချက်အလက်/မှတ်တမ်းများ လျှို့ဝှက်စောင့်ထိန်းမှု ..............................................5

စည်းဝေးများ..................................................................................................9

မိဘများနှင့်မိဘကိုယ်စားအုပ်ထိန်းသူများ............................................................10

သဘောမတူညီချက်များဖြေရှင်းရန်အတွက်ရွေးချယ်မှုနည်းလမ်းများ.........................12

ညှိနှိုင်းဖြေရှင်းမှု.......................................................................................13

စံပြ (IDEA) ပြည်နယ် တိုင်ကြားချက်တိုင်ကြားချက်များ ..........................................15

Due Process တိုင်ကြားချက်များ(Due Process ကြားနာမှုများ)....................................17

စံပြမော်ဒယ် ဖောင်လျှောက်လွှာ - ညှိနှိုင်းဖြေရှင်းမှု
ကွန်ဖရန့်ဆွေးနွေးမှုအား တောင်းဆိုခြင်း ..............................................................20

စံပြမော်ဒယ်ဖောင်လျှောက်လွှာ - IDEA
ပြည်နယ်တိုင်ကြားချက်......................................................................22

စံပြမော်ဒယ် ဖောင်လျှောက်လွှာ - တရားရုံးမျှတသောလုပ်ငန်းစဉ် တိုင်ကြားချက်
(တရားရုံးမျှတသောလုပ်ငန်းစဉ် ကြားနာမှုအား တောင်းဆိုခြင်း) ..................................24

ပေးချေမှုများ မူဝါဒပေါ်လစီ စနစ် ........................................................................26

# နိဒါန်း

အစောပိုင်း ACCESS သည် မိသားစုများနှင့် အထူးလိုအပ်ချက်များရှိသည့် ၎င်းတို့၏ ကလေးငယ်များ (မွေးစမှ အသက်သုံးနှစ် အထိ) နှင့် Iowa ပညာရေးဌာန၊ လူထုကျန်းမာရေး၊ နှင့် လူသားဝန်ဆောင်မှုများ နှင့် Iowa ကလေးကျန်းမာရေး အထူးဆေးပေးခန်း တက္ကသိုလ် မှ ထောက်ပံ့သူများ အကြား တွဲဖက်ဆောင်ရွက်မှုတစ်ခုဖြစ်သည်။ ဤတွဲဖက်ဆောင်ရွက်မှု၏ ရည်ရွယ်ချက်မှာ မိသားစုများအား ၎င်းတို့၏ မွေးကင်းစ သို့မဟုတ် ကလေးငယ်များအား ကြီးထွားဖွံ့ဖြိုးစေရာတွင် အကူအညီပေးနိုင်မည့် လိုအပ်သော အစောပိုင်း ကြားဝင်ဆောင်ရွက်မှု ဝန်ဆောင်မှုများနှင့် အရင်းအမြစ်များအား ဖော်ထုတ်၊ ပူးပေါင်းစီမံပြီး ထောက်ပံ့ပေးရန် အတူတကွ ဆောင်ရွက်မှု ဖြစ်သည်။

အကဲဖြတ်စစ်ဆေးမှု၊ မှတ်တမ်းများသို့ ဝင်ရောက်ရရှိနိုင်မှု၊ နှင့် တစ်ဦးတစ်ယောက်ချင်းစီ သီးသန့်ပြုသည့် မိသားစု ဝန်ဆောင်မှုများ အစီအစဉ် (IFSP) အဖွဲ့ ပါဝင်ဆောင်ရွက်မှု ကဲ့သို့သော အစောပိုင်း ကြားဝင်ဆောင်ရွက်မှု လုပ်ငန်းစဉ်၏ ရှုထောင့်တိုင်းအား သက်ရောက်မှုရှိသော လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အန္တရာယ်ကာကွယ်တားဆီးမှုများဟုခေါ်သည့် လုပ်ပိုင်ခွင့်အခွင့်အရေးများ မိဘများထံတွင် ရှိပေသည်။ ပြည်နယ်နှင့် ဖယ်ဒရယ် ဥပဒေများ၊ စည်းမျဉ်းများသည် အခြေအနေတစ်စုံတစ်ရာ သို့မဟုတ် ဖွံ့ဖြိုးမှုတွင် နှောင့်နှေးမှုများရှိသော စံသတ်မှတ်ထားသည်နှင့် ကိုက်ညီသည့် မွေးကင်းစများနှင့် လမ်းလျှောက်တတ်စကလေးငယ်များ ၎င်းတို့၏ ကြီးထွားမှုနှင့် ဖွံ့ဖြိုးမှုအား တိုးမြင့်နိုင်စေရန် မည်သည်တို့အား ဆောင်ရွက်ဖြစ်ပေါ်ရမည်ကို ထင်ရှားပေါ်လွင်စေသည်။

ဤစာရွက်စာတမ်းသည် **သင်၏** လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့်အန္တရာယ်ကာကွယ်တားဆီးမှုများဆိုင်ရာ သတိပေးချက်အဖြစ် ဝန်ဆောင်မှုပေးမည်ဖြစ်ပြီး ဖယ်ဒရယ်ဥပဒေ၊ *မသန်စွမ်းမှုရှိသည့် တစ်ဦးတစ်ယောက်ချင်းစီအတွက် ပညာရေး အက်ဥပဒေ (IDEA) အပိုင်း C ၊ ထိုနည်းတူ အစောပိုင်း ကြားဝင်ဆောင်ရွက်မှုဝန်ဆောင်မှုများ၏ အစောပိုင်း ACCESS ပေါင်းစပ်ထားသည့်စနစ်အတွက် Iowa စီမံခန့်ခွဲအုပ်ချုပ်မှု စည်းမျဉ်းများ စသည်တို့အားဖြင့် သင်နှင့် သင့်ကလေးထံ ရရှိနိုင်သော အခွင့်အရေးများအား နားလည်သဘောပေါက်စေရာတွင်အကူအညီပေးမည်ဖြစ်သည်။*

သင့်အခွင့်အရေးများနှင့်ပတ်သက်ပြီး အချက်အလက်များ ပိုမိုရရှိနိုင်ရန်အတွက် အောက်ပါတို့မှ တစ်ခုခုအား ဆက်သွယ်မှုပြုပါ-

သင့် ဝန်ဆောင်မှု စီမံဆောင်ရွက်ပေးသူ<br>
သင့် ဒေသ လွှဲပြောင်းပေးအပ်မှုရရှိသူ (အထူးပညာရေး ဒါရိုက်တာအတွက် မေးမြန်းသည်)<br>
Iowa ပညာရေးဌာန<br>
သင်ယူသူ နည်းဗျူဟာများနှင့် ထောက်ပံ့မှုများ ဗျူရို<br>
Grimes State Office Building<br>
Des Moines, Iowa 50319-0146<br>
515-281-3176

အရင်းမြစ်စင်တာ (Resource Center)၊ Iowa မိဘအား လေ့ကျင့်ရန်သင်တန်းပေးခြင်းနှင့် အချက်အလက်များ စင်တာ<br>
5665 Greendale Road, Suite D<br>
Johnston, IA 50131<br>
1-800-450-8667<br>
515-243-1713<br>
FAX 515-243-1902<br>
info@askresource.org<br>
http://www.askresource.org

မသန်စွမ်းမှုအခွင့်အရေးများ Iowa<br>
400 East Court Avenue Suite 300<br>
Des Moines, Iowa 50309<br>
515-278-2502<br>
515-278-0571 (TDD)<br>
800-779-2502<br>
515- 278-0539 FAX<br>
info@disabilityrightsiowa.org<br>
http://www.disabilityrightsiowa.org

**လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အန္တရာယ်ကာကွယ်တားဆီးမှုများ/မိသားစုအခွင့်အရေးများ မိတ္တူအား မည်သည့်အချိန်တွင် ကျွန်ုပ် ရရှိမည်နည်း။**
သင့်အနေဖြင့် လုပ်ငန်းစဉ်အဆင့်ဆင့် အန္တရာယ်ကာကွယ်တားဆီးမှုများ/ မိသားစုအခွင့်ရေးများ မိတ္တူအား အနည်းဆုံး နှစ်စဉ် တစ်ကြိမ်ခန့် ရရှိမည်ဖြစ်သည့်အပြင် သင ၎င်းအား တောင်းဆိုသည့်အချိန်တိုင်းတွင်လည်း ရရှိမည်ဖြစ်သည်။ ကြိုတင်ရေးသားအကြောင်းကြားချက် အား သင ရရှိသည့်အချိန်တိုင်းတွင်လည်း၎င်းမိတ္တူအား သင့်ထံပေးကမ်းမည်ဖြစ်ပါသည်။ ကြိုတင် ရေးသားအကြောင်းကြားချက် ဖောင်လျှောက် လွှာတွင် လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အန္တရာယ်ကာကွယ်တားဆီးမှုများ၏ ဝက်ဘ်လိပ်စာ ပါဝင်လိမ့်မည်ဖြစ်သည်။

**IDEA 2004 အပိုင်း C၊ အစောပိုင်း ACCESS အတွက် Iowa စီမံခန့်ခွဲအုပ်ချုပ်မှုဆိုင်ရာ စည်းမျဉ်းများ နှင့် ကျွန်ုပ်သိရှိထားရန် အရေးကြီးသည့် အခြားသော စည်းမျဉ်းစည်းကမ်းများ စသည်တို့နှင့်ပတ်သက်၍ အချက်အလက်များ ပိုမို ရှာဖွေရယူနိုင်ရန် အခြားသော အရင်းအမြစ်များ ရှိပါသလား။**

အောက်တွင် စာရင်းပြုထားသည်တို့မှာ သင ဝင်ရောက်ကြည့်ရှုနိုင်သော ဆိုဒ်များ၏ အင်တာနက်လိပ်စာများဖြစ်သည်-

အစောပိုင်း ACCESS အတွက် Iowa စီမံခန့်ခွဲအုပ်ချုပ်မှုဆိုင်ရာစည်းမျဉ်းများ

http://www.educateiowa.gov

မသန်စွမ်းမှုရှိသည့် တစ်ဦးတစ်ယောက်ချင်းစီအတွက် ပညာရေး အတ်ဥပဒေ

http://idea.ed.gov/part-c/search/new

မိသားစု ပညာရေးဆိုင်ရာ အခွင့်ရေးများနှင့် ကိုယ်ရေးကိုယ်တာထိန်းသိမ်းမှု အတ်ဥပဒေ (FERPA)

http://www.ed.gov/policy/gen/guid/fpco/ferpa/index.html

ကျန်းမာရေး အာမခံ ရွှေ့ပြောင်းနိုင်စွမ်းနှင့် မှီခိုအားကိုးနိုင်စွမ်း အတ်ဥပဒေ (HIPAA)

http://www.hhs.gov/ocr/hipaa/

အခြားသော အရင်းအမြစ်များအတွက်မူ သင့် ဝန်ဆောင်မှု စီမံဆောင်ရွက်ပေးသူဖြင့် စစ်ဆေးပါ။ သင့်အနေဖြင့် အောက်ပါသို့ ရည်ညွှန်းခံရ ကောင်း ခံရပေမည်-

*Working Things Out When Things Go Wrong (ကိစ္စရပ်များ လွဲချော်သွားချိန်တွင် ကိစ္စရပ်များအား ဖြေရှင်းဆောင်ရွက်ခြင်း)*
*Easy Does It! (လုပ်ဆောင်ရသည်မှာ လွယ်ကူပါသည်) အဖြေရှာဆောင်ရွက်ပေးသူဖြင့် ကိစ္စရပ်များအား ဖြေရှင်းဆောင်ရွက်ခြင်း*
*ကြိုတင်အယူခံမှု သို့မဟုတ် ညှိနှိုင်းညှိနှိုင်းဖြန်ဖြေမှုအတွက် ပြင်ဆင်ခြင်း*
*အထူး ပညာရေး ညှိနှိုင်းညှိနှိုင်းဖြန်ဖြေမှု - မိဘများအတွက် လမ်းညွှန်*

## အရေးကြီးသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်များ

**လူထုအေဂျင်စီ (Public Agency)** - ဦးဆောင်အေဂျင်စီ (Iowa ပညာရေးဌာန)၊ နှင့် IDEA၊ အစောပိုင်း ACCESS စည်းမျဉ်းများ စသည်တို့ လက်အောက်တွင် စံသတ်မှတ်ထားသည်နှင့်ကိုက်ညီသော ကလေးများထံသို့ အစောပိုင်း ကြားဝင်ဆောင်ရွက်မှု ဝန်ဆောင်မှု များ ထောက်ပံ့ပေးခြင်းအတွက် တာဝန်ရှိသော ပြည်နယ်၏ အခြား နိုင်ငံရေးဌာနခွဲများ။ Iowa ပညာရေးဌာနသည် အစောပိုင်း ACCESS **တိုင်ကြားချက်**/ IDEA လုပ်ငန်းစဉ်စနစ်အတွက် တာဝန်ရှိပေသည်။

**လွှဲပြောင်းပေးအပ်မှုရရှိသူ/ ဒေသ လွှဲပြောင်းပေးအပ်မှုရရှိသူ (Grantee/Regional Grantee)** - အစောပိုင်း ACCESS စနစ်အား ဒေသအလိုက် ဆောင်ရွက်မှုရှိကြောင်း သေချာစေရန်အတွက် အစိုးရပိုင်ငွေကြေးနှင့် ဥပဒေရေးရာ တာဝန်ယူမှုအား ရရှိထားသည့် ဖယ်ဒရယ် အပိုင်း C ရန်ပုံငွေများ သို့မဟုတ်  ပြည်နယ် ရန်ပုံငွေများ လက်ခံရရှိသူ။

**အစောပိုင်း ကြားဝင်ဆောင်ရွက်မှု ဝန်ဆောင်မှုများ (အစောပိုင်း Intervention Services)** - တစ်ဦးတစ်ယောက်ချင်းစီအလိုက် မိသားစု ဆိုင်ရာဝန်ဆောင်မှု အစီအစဉ် အဖွဲ့မှ ထုတ်ပြန်ထားသည့်အရ မသန်စွမ်းမှုရှိသည့် မွေးကင်းစ သို့မဟုတ် လမ်းလျှောက်တတ်စ ကလေးငယ်များ၏ ဖွံ့ဖြိုးမှုဆိုင်ရာ လိုအပ်ချက်များအား ဖြည့်ဆည်းပေးရန် ဒီဇိုင်းရေးဆွဲထားပြီး၊ ဖယ်ဒရယ် သို့မဟုတ် ပြည်နယ် ဥပဒေမှ ပေးခြေမှုဆိုင်ရာ စနစ်များ ထောက်ပံ့ထားသည့် အခြေအနေမှလွဲ၍ ကုန်ကျစရိတ်ပေးစရာမလိုအောင် ထောက်ပံ့ထားသောလူထု ကွပ်ကဲ ကြီးကြပ်မှု လက်အောက်တွင် ထောက်ပံ့ထားသည့် ဖွံ့ဖြိုးမှုဆိုင်ရာ ဝန်ဆောင်မှုများ။
ဝန်ဆောင်မှုများသည် အောက်ပါ ဖွံ့ဖြိုးမှုဆိုင်ရာ ဧရိယာများရှိ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ကဏ္ဍများတွင် ပါဝင်သည်- ရုပ်ပိုင်းဆိုင်ရာ၊ ဆင်ခြင်တုံးတရားဆိုင်ရာ၊ ဆက်သွယ်ရေးဆိုင်ရာ၊ လူမှုရေး/စိတ်ခံစားမှုပိုင်းဆိုင်ရာ၊ သို့မဟုတ် လိုက်လျောညီထွေ ပြောင်းလဲမှုဆိုင်ရာ ဖွံ့ဖြိုးမှု။

**မသန်မစွမ်းမှုရှိသည့် မွေးကင်းစ သို့မဟုတ် လမ်းလျှောက်တတ်စကလေးငယ်များ (Infant or Toddler with a Disability)**-
ဆင်ခြင်တုံတရားဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ ဆက်သွယ်ရေးဆိုင်ရာ၊ လူမှုရေး/စိတ်ခံစားမှုပိုင်းဆိုင်ရာ၊ နှင့် လိုက်လျောညီထွေပြောင်းလဲမှုဆိုင်ရာ စသည်တို့ပါဝင်သည့် ၁ ခု သို့မဟုတ် တစ်ခုထက်ပိုသော ဖွံ့ဖြိုးမှု ဧရိယာများတွင် သင့်တော်ရာ ရောဂါရှာဖွေမှု ကိရိယာများနှင့် လုပ်ငန်း စဉ်များအားဖြင့်  တိုင်းတာချက်များအရ ဖွံ့ဖြိုးမှုဆိုင်ရာ နှောင့်နှေးကြန့်ကြာမှုများကြောင့်၊ သို့မဟုတ် ဖွံ့ဖြိုးမှုဆိုင်ရာ နှောင့်နှေးကြန့်ကြာမှု ရလဒ် ထွက်ပေါ်လာနိုင်ချေမြင့်မားသည့် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာအခြေအနေ တွေ့ရှိမှုအတွက်ကြောင့်၊ အစောပိုင်း ကြားဝင်ဆောင်ရွက်မှု ဝန်ဆောင်မှုများလိုအပ်သည့် အသက် ၃ နှစ်အောက် တစ်ဦးတစ်ယောက်ချင်းစီ။

## သတင်းအချက်လက်ပြည့်စုံစွာရရှိထားပြီးမှပြုလုပ်သည့် သဘောတူညီမှု

**"သဘောတူညီမှု" ဆိုသည်မှာအဘယ်နည်း။**

အောက်ပါ လိုအပ်ချက်များ သုံးခုစလုံးဖြင့် ကိုက်ညီချိန်တွင် သဘောတူညီမှု ဖြစ်ပေါ်သည်-

၁။ သင့်သဘောတူညီချက်အား ဖော်ထုတ်ရရှိရန် လုပ်ရှားဆောင်ရွက်မှုများဖြင့် သက်ဆိုင်သော ("အရေးကြီးသည့်") သတင်းအချက်လက်များအားလုံးအား သင့်မိခင်ဘာသာစကားဖြင့် ပြည့်ဝစွာ သင် လက်ခံရရှိခဲ့သည်။

၂။ သင့်သဘောတူညီချက် ရရှိရန် လုပ်ရှားဆောင်ရွက်မှုများအား သင် နားလည်သဘောပေါက်ပြီး စာအရေးသားဖြင့် လက်ခံသဘောတူညီခဲ့သည်။ (သဘောတူညီမှု ဖောင်လျှောက်လွှာသည် လုပ်ရှားဆောင်ရွက်မှုများအား ဖော်ပြရမည်ဖြစ်ပြီး ထုတ်ပြန်မည်ဖြစ်သည့်၊ ထို့ပြင် မည်သူ့ထံသို့ ထုတ်ပြန်မည်ဖြစ်သည့် အစောပိုင်း ကြားဝင်ဆောင်ရွက်မှု မှတ်တမ်းများ (အကယ်၍ရှိပါက)အား စာရင်းပြုရမည်ဖြစ်သည်။)

၃။ သဘောတူညီမှု ဂရန့်ပေးအပ်ခြင်းသည် မိမိဆန္ဒအလျောက်ဖြစ်ရမည်ဖြစ်ကြောင်းနှင့် သင့်အနေဖြင့် သင့်သဘောတူညီမှုအား အချိန်မရွေး ရုပ်သိမ်းကောင်း ရုပ်သိမ်းနိုင်သည်ကို နားလည်သဘောပေါက်ထားသည်။

**သတင်းအချက်အလက်ပြည့်စုံစွာရရှိထားသည့် မိဘအုပ်ထိန်းမှုဆိုင်ရာ သဘောတူညီမှုအား မည်သည့်အချိန်တွင် လိုအပ်သနည်း။**

သင့်သဘောတူညီချက်အား အောက်ပါတို့မတိုင်မီတွင် လိုအပ်သည်-

၁။ ဒေသ လွှဲပြောင်းပေးအပ်မှုရရှိသူ သို့မဟုတ် အခြားသော အစောပိုင်း ACCESS အေဂျင်စီမှ သင့်ကလေးထံတွင် မသန်စွမ်းမှု ရှိကောင်းရှိနိုင်ကြောင်း သံသယရှိ၊ မရှိ ဆုံးဖြတ်ရန် သင့်ကလေးထံ ရွေးချယ်နိုင်သော ကြည့်ရှုစစ်ဆေးမှုဆိုင်ရာ လုပ်ငန်းစဉ်များ ပေးသည်။

၂။ သင့်ကလေးနှင့် သင့်မိသားစု၏ အားလုံးသော သုံးသပ်စစ်ဆေးမှုများနှင့် အကဲဖြတ်မှုများ

၃။ သင့်ကလေးနှင့် မိသားစုသည် အစောပိုင်း ACCESS ဝန်ဆောင်မှုများ လက်ခံရရှိသည်

၄။ သင့်သဘောတူညီချက်အား မလိုအပ်သည့် အခြေနေမှလွဲ၍၊ သင့်ကလေး သို့မဟုတ် သင့်မိသားစု အပေါ်အကျုံးဝင်မှုရှိသည့် လူထု သို့မဟုတ် ပုဂ္ဂလိက အာမခံအား အသုံးပြုမှု (စာမျက်နှာ 26 မှ 35 အား ကြည့်ရှုပါ)၊ နှင့်

၅။ သင့်သဘောတူညီချက်အား မလိုအပ်သည့် အခြေအနေမှလွဲ၍၊ သင့် ကလေး၏ အစောပိုင်း ACCESS မှတ်တမ်းများမှ ပုဂ္ဂိုလ်ရေးရာဖော်ထုတ်မှုပြုနိုင်သည့် အချက်အလက်များအား ဖွင့်ဟမှု။

အကယ်၍ သင်သည် အိုင်တမ် 1. 2. သို့မဟုတ် 3. လက်အောက်အရ သင့် သဘောတူညီမှုအား ပေးရန် ငြင်းပယ်ခဲ့လျှင် ဒေသ လွှဲပြောင်းပေးအပ်မှုရရှိသူ သို့မဟုတ် အခြားသော အစောပိုင်း ACCESS အေဂျင်စီမှ သင်သည် (က) သင့်ကလေးထံသို့ ရရှိကောင်း ရရှိနိုင်သည့် သုံးသပ်စစ်ဆေးမှု၊ အကဲဖြတ်မှု သို့မဟုတ် ဝန်ဆောင်မှုများ၏ သဘောသဘာဝကို ပြည့်ဝစွာ နားလည်သဘောပေါက် မှုရှိကြောင်း၊ နှင့် (ခ) သင် သဘောတူညီမှု မပေးမချင်း သင့်ကလေးသည် သုံးသပ်စစ်ဆေးမှု၊ အကဲဖြတ်မှု သို့မဟုတ် ဝန်ဆောင်မှု အား လက်ခံရရှိနိုင်မည် မဟုတ်သည်ကို နားလည်သဘောပေါက်ကြောင်း သေချာစေရန်အတွက် သင့်တော်ရာ ဆောင်ရွက်မှုအဆင့်များအား ပြုလုပ်မည်ဖြစ်သည်။

အကယ်၍ သင်သည် အစောပိုင်း ACCESS ဝန်ဆောင်မှုတစ်ခုသို့ သင့်သဘောတူညီချက်အား ပေးခဲ့လျှင်မှ သင့်သဘောတူညီမှု ထောက်ပံ့ပြီးသည်နှင့်တစ်ပြိုင်နက် ဖြစ်နိုင်သမျှ မြန်မြန် စတင်မည်ဖြစ်သည်။

**ဝန်ဆောင်မှုများအတွက် ကျွန်ုပ် သဘောတူညီချက်အား ရုပ်သိမ်းခဲ့လျှင် မည်သို့ဖြစ်လာနိုင်သနည်း။**

သင့်သဘောတူညီမှုသည် မိမိဆန္ဒအလျောက်ဖြစ်ပြီး မည်သည့်အချိန်တွင်မဆို ရုပ်သိမ်းနိုင်ပေသည်၊ သို့သော် ၎င်းသည် သဘောတူညီချက် ပေးပြီးနောက်အဆိုပါသဘောတူညီချက်အား ရုပ်သိမ်းခြင်းမပြုသေးမီအချိန်ကာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ဆောင်ရွက်ချက်အပေါ်ကိုမူ သက်ရောက်မှုရှိမည်မဟုတ်ပေ။ သင့်ကလေး၏ အခြားသော အစောပိုင်း ACCESS ဝန်ဆောင်မှုများအား ထိခိုက်မှုမရှိစေဘဲ တစ်စုံတစ်ရာသောအစောပိုင်း ကြားဝင်ဆောင်ရွက်မှု ဝန်ဆောင်မှု(များ)အတွက် သင့် သဘောတူညီချက်အား သင် ငြင်းပယ် သို့မဟုတ် ရုပ်သိမ်းကောင်း ရုပ်သိမ်းနိုင်ပေသည်။

**အကယ်၍ ကျွန်ုပ်မှ သဘောတူညီချက်အား ငြင်းပယ်ခဲ့လျှင် ဒေသ လွှဲပြောင်းပေးအပ်မှုရရှိသူ သို့မဟုတ် အခြားသော အစောပိုင်း ACCESS အေဂျင်စီသည် ကျွန်ုပ်၏ သဘောတူညီချက်ထောက်ပံ့ရန်ငြင်းဆိုမှုအား စိန်ခေါ်ရင်ဆိုင်ရန်အလို့ငှာ IDEA ၏ တရားရုံးမျှတသောလုပ်ငန်းစဉ် ဆောင်ရွက်မှုများအား အသုံးပြုနိုင်ပါမည်လား။**

အသုံးမပြုနိုင်ပါ။

**အကယ်၍ ကျွန်ုပ်၏သဘောတူညီချက်အား ရုပ်သိမ်းခဲ့လျှင် ကျွန်ုပ်မှ ဒေသလွှဲပြောင်းပေးအပ်မှုရရှိသူအား ကျွန်ုပ်ကလေး၏ အစောပိုင်း ACCESS မှတ်တမ်းများကို ဖျက်စီးပစ်ခိုင်းစေနိုင်ပါသလား။**

မပြုလုပ်ခိုင်းစေနိုင်ပါ။

## ကြိုတင်ရေးသား သတိပေးချက်

သင့်ကလေး၏ ဖွံ့ဖြိုးမှုအတွက် ဆုံးဖြတ်ချက်များပြုရာတွင် သင်၏ ပါဝင်ဆောင်ရွက်မှုသည် အရေးကြီးသည်။ အစဉ်တစ်လျောက် သင့်အနေဖြင့် အသေးစိတ်ကျသည့် လုပ်ရှားဆောင်ရွက်မှုများအတွင်း ပါဝင်စေရန် ဥပဒေမှအလိုရှိသည်၊ ဤပါဝင်မှုသည် သင့်ကလေး၏ အစောပိုင်း ကြားဝင်ဆောင်ရွက်မှု ဝန်ဆောင်မှုများအပေါ် သက်ရောက်မှု ရှိသည့်အတွက်ကြောင့်ဖြစ်သည်။

"ကြိုတင်ရေးသား သတိပေးချက်" သည် သင့်ကလေး၏ မည်သူမည်ဝါဖြစ်ကြောင်းထုတ်ဖော်မှု၊ အကဲဖြတ်သုံးသပ်မှု သို့မဟုတ် စစ်ဆေးမှု၊ သို့မဟုတ် သင့်ကလေး နှင့်/သို့မဟုတ် မိသားစုထံသို့ သင့်တော်ရာ အစောပိုင်း ACCESS ဝန်ဆောင်မှုများ ထောက်ပံ့မှု စသည်တို့အား စတင်ရန် သို့မဟုတ် ပြောင်းလဲရန်အား ဝန်ဆောင်မှုထောက်ပံ့ပေးသူမှ အဆိုပြုချိန်တွင် သို့မဟုတ် ငြင်းပယ်ချိန်တွင် သင့်ထံသို့ သင့်ဝန်ဆောင်မှုစီမံဆောင်ရွက်ပေးသူက ပေးပို့သည့် ရေးသား ဆက်သွယ်ချက်တစ်ခုဖြစ်သည်။

အဆိုပြုမှု သို့မဟုတ် ငြင်းပယ်မှုအား ပြုလုပ်မှုအပေါ်တွင် ထောက်ပံ့သူမှ ဆုံးဖြတ်ချက်ချမှုပြီးနောက်၊ သို့သော် ဝန်ဆောင်မှုထောက်ပံ့သူမှ ထိုဆုံးဖြတ်ချက်အား အရေးယူဆောင်ရွက်ခြင်းမပြုရသေးမီ ကျိုးကြောင်းသင့်လျော်သော အချိန်ကာလ အတွင်း သင့်ထံသို့ ထိုသတိပေးချက်အား ပေးပို့ရမည်ဖြစ်သည်။

**သတိပေးချက်အတွင်း မည်သည့် သတင်းအချက်အလက်များ ပါဝင်သနည်း။**

သတိပေးချက်တွင် အောက်ပါအချက်များ ပါဝင်ရမည်ဖြစ်သည်-

၁။ အဆိုပြုသည့် သို့မဟုတ် ငြင်းဆိုလိုက်သည့် ဆောင်ရွက်ချက်အား ရှင်းလင်းဖော်ပြမှု၊

၂။ ဆောင်ရွက်ချက်အား မည်သည့်အတွက် အဆိုပြုရသည် သို့မဟုတ် ငြင်းပယ်လိုက်ရသည် ဆိုသည်အား ရှင်းပြမှု၊

၃။ ရရှိနိုင်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အန္တရာယ်ကာကွယ်တားဆီးမှုများ၊ နှင့်

၄။ သင့်အနေဖြင့် အစောပိုင်း ACCESS လိုအပ်ချက်များတွင် ချိုးဖောက်မှုရှိကြောင်း ယုံကြည်လက်ခံနေချိန်တွင် ပြည်နယ်တိုင်ကြားချက် သို့မဟုတ် တရားရုံးမျှတသောလုပ်ငန်းစဉ် တိုင်ကြားချက် (နှင့် အချိန်မျဉ်းများ) အားမည်သို့ ဖိုင်တွဲတင်တိုင်ကြားနိုင်မှု။

**သတိပေးချက်သည် မည်သို့သောပုံစံရှိသနည်း။**

၎င်းသည် ယေဘုယျအားဖြင့် လူထု နားလည်သဘောပေါက်လွယ်နိုင်သော ဘာသာစကားဖြင့် ရေးသားထားသည့် ဖောင်စာရွက် တစ်ခုဖြစ်သည်။ ၎င်းသည် သင့်မိခင်ဘာသာစကားဖြင့် ဖြစ်ပေလိမ့်မည်။ အကယ်၍ သင့်မိခင်ဘာသာစကား (သို့မဟုတ် အခြားသော ဆက်သွယ်ရေးဆိုင်ရာနည်းလမ်း) သည် ရေးသားနိုင်သော ဘာသာစကားမဟုတ်လျှင် ဝန်ဆောင်မှု စီမံဆောင်ရွက်ပေးသူမှ သင့်အနေဖြင့် ထိုသတိပေးချက်အား နားလည်သဘောပေါက်မှုရှိကြောင်း သေချာအောင် အဆင့်ဆင့် ဆောင်ရွက်ပေးလိမ့်မည်။ အကယ်၍ သင်သည် အကြားအာရုံချို့ယွင်းမှုရှိလျှင်၊ သို့မဟုတ် မျက်စိကွယ်နေလျှင်၊ သို့မှမဟုတ် ရေးသားထားသည့် ဘာသာစကားမဟုတ်လျှင် ဆက်သွယ်မှုမှာ ပုံမှန်အားဖြင့် သင့်အသုံးပြုသည့် ဆက်သွယ်မှုနည်းလမ်းမျိုး ဖြစ်ပေလိမ့်မည် (သင်္ကေတ ဘာသာစကား၊ Braille သို့မဟုတ် နှုတ်ဖြင့် ဆက်သွယ်မှု စသည်တို့ ကဲ့သို့သော)။

**အကယ်၍ ကျွန်ုပ်မှ အဆိုပြုသည့်ဆောင်ရွက်ချက် သို့မဟုတ် ငြင်းပယ်မှုအား သဘောတူညီခြင်းမရှိခဲ့လျှင် မည်သို့ပြုရမည်နည်း။**

သင့်ထံသို့ ရရှိနိုင်သော သမာရိုးကျနှင့် သမာရိုးကျမဟုတ်သည့် ရွေးချယ်မှုများစွာရှိပေသည်။ ၎င်းတို့အား ဤစာအုပ်ငယ်၏ "သဘောတူညီချက်များ ဖြေရှင်းရန်အတွက် ရွေးချယ်မှုနည်းလမ်းများ" အပိုင်းတွင် ရှင်းပြထားပေသည်။ သင့် ရွေးချယ်မှုနည်းလမ်းများအား သင်နားလည်သဘောပေါက်စေရန် သင့် ဝန်ဆောင်မှု စီမံဆောင်ရွက်ပေးသူ၏ အကူအညီအား ရရှိနိုင်ပါသည်။ အခြားသော အရင်းမြစ်များကိုမှု ဤလက်ကိုင်စာအုပ်၏ အရှေ့ပိုင်းတွင်ရှိသော နိဒါန်း အပိုင်းတွင် စာရင်းပြုထားပေသည်။

တောင်းဆိုမှုအပေါ်တွင်လိုက်ပြီး သင့် ဝန်ဆောင်မှု စီမံဆောင်ရွက်ပေးသူ သို့မဟုတ် လူထုအေဂျင်စီမှ အခမဲ့ သို့မဟုတ် စရိတ်နည်း ဥပဒေရေးရာ ဝန်ဆောင်မှုများနှင့် အခြားသော သင့်ဧရိယာရှိ ထောက်ပံ့မှုဝန်ဆောင်မှုများကို သင့်ထံ အသိပေးအကြောင်းကြား ပေးလိမ့်မည်။

**မှတ်ချက်-**

## အချက်အလက်/မှတ်တမ်းများ လျှို့ဝှက်စောင့်ထိန်းမှု

IDEA နှင့် မိသားစု ပညာရေးဆိုင်ရာအခွင့်အရေးများနှင့် ကိုယ်ရေးကိုယ်တာစောင့်ထိန်းမှု အတ်ဥပဒေ (FERPA) ဟုခေါ်သည့် အခြားသော ဖယ်ဒရယ်ဥပဒေသည် သင့်ထံသို့ သင့်ကလေး၏ အစောပိုင်း ACCESS မှတ်တမ်းများနှင့်ပတ်သတ်ပြီး အများအပြားသော အခွင့်အရေးများ ပေးပေသည်။ သင့်တွင် ထိုမှတ်တမ်းများ ရယူဝင်ရောက်နိုင်ခွင့်ရှိပြီး ထိုမှတ်တမ်းများအတွင်း မှန်ကန်မှုမရှိဟု သင်ယူဆသည် အချက်အလက်များအား ရင်ဆိုင်ဖြေရှင်းရန်အခွင့် သင့်တွင် ရှိပေသည်။ သင့်ကလေး၏ အစောပိုင်း ACCESS မှတ်တမ်းများအတွင်းရှိ ပုဂ္ဂိုလ်ရေးရာ ဖော်ထုတ်မှုပြုနိုင်သည့် အချက်အလက်များမှာ လျှို့ဝှက်စောင့်ထိန်းရမည်ဖြစ်ပြီးသင့်သဘောတူညီချက် မရှိဘဲ ဖွင့်ဟခြင်းမပြုရပေ (သဘောတူညီချက်လျှောက်ထားမှုများ အခြေနေမှလွဲ၍)။ ဤအပိုင်းသည် ထိုအရေးကြီးသည့် ကာကွယ်မှုများနှင့်ပတ်သက်သော နောက်ထပ်အချက်လက်များအား ထောက်ပံ့ပေးသည်။

**ကျွန်ုပ် ကလေး၏ အစောပိုင်း ACCESS မှတ်တမ်းများသို့ ကျွန်ုပ် ဝင်ရောက်ရရှိကောင်း ရရှိနိုင်ပါသလား။**

ရရှိနိုင်ပါသည်။ သုံးသပ်စစ်ဆေးမှုများ နှင့် အကဲဖြတ်စစ်ဆေးမှုများ၊ စံသတ်မှတ်ထားသည်နှင့် ကိုက်ညီမှုရှိ/မရှိ ဆုံးဖြတ်မှု၊ ဖွံ့ဖြိုးမှု နှင့် IFSP ၏ အကောင်ထည်ဖော်ဆောင်ရွက်မှုများ၊ သင့်ကလေးနှင့်သက်ဆိုင်သည့် တစ်ဦးတစ်ယောက်ချင်းစီ တိုင်ကြားချက်များ၊ နှင့် သင့်ကလေး၊ သင့်မိသားစုနှင့်ပတ်သက်သော မှတ်တမ်းများပါဝင်နေသည့် ဇရိယာမှန်သမျှ သို့ သက်ဆိုင်သော သင့်ကလေး၏ အစောပိုင်း ကြားဝင်ဆောင်ရွက်မှု မှတ်တမ်းများအား စုံစမ်းစစ်ဆေးရန်နှင့် ကြည့်ရှုစစ်ဆေးရန် လူထုအေဂျင်စီမှ သင့်အား ခွင့်ပြုရမည်ဖြစ်သည်။ သင့်တောင်းဆိုမှုအပေါ်တွင် လူထုအေဂျင်စီမှ စုဆောင်းရရှိသည့်၊ ထိန်းသိမ်းထားသည့် သို့မဟုတ် အေဂျင်စီမှ အသုံးပြုသည့် အစောပိုင်း ACCESS မှတ်တမ်းများ၏ အမျိုးအစားများနှင့် တည်နေရာများ စာရင်းအား သင့်ထံ ပေးရပေမည်။

**လူထုအေဂျင်စီမှ မည်သည့်အချိန်တွင် ကျွန်ုပ်ထံသို့ ကျွန်ုပ်ကလေး၏ အစောပိုင်း ACCESS မှတ်တမ်းများအား ပေးမည်နည်း။**

မလိုအပ်သည့် ကြန့်ကြာမှုများမရှိဘဲ မှတ်တမ်းများအား ကြည့်ရှုစစ်ဆေးရန် သို့မဟုတ် စုံစမ်းစစ်ဆေးရန် တောင်းဆိုမှုအား လူထုအေဂျင်စီမှ လိုက်နာရမည်ဖြစ်သည် - တောင်းဆိုပြီးနောက် ပြက္ခဒိန်ရက် ၄၅ရက်ထက် မကြာရည်ဘဲ၊ IFSP သို့မဟုတ် အခြားသော ကြားနာမှု မှန်သမျှ နှင့်သက်ဆိုင်သော စည်းဝေးဆွေးနွေးမှုမှန်သမျှ မတိုင်မီတွင်ဖြစ်သည်။

**"စုံစမ်းစစ်ဆေး၊ ကြည့်ရှုခွင့်" တွင် မည်သည်တို့ ပါဝင်သနည်း။**

စုံစမ်းစစ်ဆေး၊ ကြည့်ရှုခွင့်တွင် အောက်ပါအခွင့်ရေးများ ပါဝင်ပေသည်-

၁။ မှတ်တမ်းများ၏ ရှင်းလင်းချက်များနှင့် အနက်ဖွင့်ဆိုချက်များအား ကျိုးကြောင်းသင့်လျော်စွာ တောင်းဆိုမှုများသို့ ပါဝင်သက်ဆိုင်နေသည့် အေဂျင်စီမှ တုံ့ပြန်မှု၊

၂။ အချက်လက်များပါဝင်နေသည့် မှတ်တမ်းများ၏ မိတ္တူကော်ပီများအား အေဂျင်စီမှ ထောက်ပံ့ပေးရန် တောင်းဆိုမှု (အကယ်၍ မိတ္တူကော်ပီများအားထောက်ပံ့ပေးရန် ပျက်ကွက်မှုသည် သင့်အနေဖြင့် မှတ်တမ်းများအား စုံစမ်းစစ်ဆေး၊ ကြည့်ရှုနိုင်သော အခွင့်အရေးအား ကျင့်သုံးလိုက်နာမှုအပေါ် ထိရောက်စွာ ကာကွယ်တားဆီးမှုဖြစ်ခဲ့လျှင်)၊ နှင့်

၃။ သင့်ကိုယ်စားလှယ်အား မှတ်တမ်းများ စုံစမ်းစစ်ဆေး၊ ကြည့်ရှုစေမှု။

အုပ်ထိန်းမှု၊ ကွဲကွာမှု သို့မဟုတ် ကွာရှင်းမှုဆိုင်ရာ ကိစ္စရပ်များကဲ့သို့သော သက်ဆိုင်ရာ ပြည်နယ်ဥပဒေ၏အစိုးရမှုအောက်တွင် သင့်အနေဖြင့် အခွင့်အာဏာမရှိကြောင်း အေဂျင်စီအား အကြံပြုခံရသည့် အခြေအနေမှလွဲ၍ သင့်ကလေး၏မှတ်တမ်းများအား စုံစမ်းစစ်ဆေး၊ ကြည့်ရှုရန် အခွင့်အာဏာ သင့်ထံတွင် ရှိကြောင်း အေဂျင်စီမှ မှတ်ယူသည်။

**ကျွန်ုပ်ကလေး၏ အစောပိုင်း ကြားဝင်ဆောင်ရွက်မှု မှတ်တမ်းများအား ဝင်ရောက်ရရှိခဲ့သည့်သူများ၏ စာရင်းမှတ်တမ်းအား အေဂျင်စီမှ ထိန်းသိမ်းထားပါမည်လား။**

မိဘများနှင့် အေဂျင်စီ၏ အခွင့်အာဏာရှိသည့် ဝန်ထမ်းများ ဝင်ရောက်ရယူခဲ့သည့် အခြေအနေမှလွဲ၍ အေဂျင်စီသည် အစောပိုင်း ကြားဝင်ဆောင်ရွက်မှု မှတ်တမ်းများအား ရရှိခဲ့သည့် ပါတီအဖွဲ့များ၏မှတ်တမ်းအား အောက်ပါအချက်လက်များပါ အပါအဝင် ထိန်းသိမ်းထားမည်ဖြစ်သည်-

၁။ ပါတီအဖွဲ့၏ နာမည်၊

၂။ ဝင်ရောက်ရရှိခွင့်ပေးခဲ့သည့် နေ့စွဲ၊ နှင့်

၃။ မှတ်တမ်းများအား အသုံးပြုရန် ပါတီအဖွဲ့အား အခွင့်အာဏာပေးခဲ့သည့် ရည်ရွယ်ချက်

**အကယ်၍ မှတ်တမ်းတွင် ကလေးတစ်ဦးထက်ပိုသော ကလေးများနှင့်ပတ်သက်သည့် အချက်အလက်များ ပါဝင်နေလျှင် မည်သို့ ဖြစ်ပေါ်မည်နည်း။**

သင့်ထံတွင် သင့်ကလေးနှင့်သက်ဆိုင်သော အချက်အလက်များကိုသာလျှင် စုံစမ်းစစ်ဆေး၊ ကြည့်ရှုနိုင်သော အခွင့်အရေးရှိပေသည်၊ သို့မဟုတ် ထိုတစ်စုံတစ်ရာသောအတိုင်းတာထိ အချက်အလက်များကိုသာလျှင် အကြောင်းကြားခြင်း ခံရပေမည်။

**ကျွန်ုပ်ကလေး၏ အစောပိုင်း ACCESS မှတ်တမ်းများအား စုံစမ်းစစ်ဆေး၊ ကြည့်ရှုသည့်အတွက် အေဂျင်စီမှ ကျွန်ုပ်ထံ အခကြေး ကောက်ခံပါမည်လား။**

အကယ်၍ အခကြေးကောက်ခံမှုသည် မှတ်တမ်းများအား စုံစမ်းစစ်ဆေး၊ကြည့်ရှုသည့် သင့်အခွင့်အရေးများအား သင် ကျင့်သုံး ဆောင်ရွက်မှုအပေါ် ထိရောက်စွာကာကွယ်တားဆီးသည့်သဘောမျိုးဖြစ်မနေခဲ့လျှင်မူ မှတ်တမ်းများ၏ မိတ္တူကော်ပီများအတွက် အခကြေးအား သက်ဆိုင်ရာ အေဂျင်စီမှ ကောက်ခံကောင်း ကောက်ခံလိမ့်မည်ဖြစ်သည်။ အချက်အလက်များ ရှာဖွေမှု သို့မဟုတ် ပြန်လည်ရရှိမှုအတွက် အခကြေးကိုမူ အေဂျင်စီမှ ကောက်ခံလိမ့်မည်မဟုတ်ပေ။

**သင့်ထံသို့ အခမဲ့ပေးရမည်ဖြစ်သော မှတ်တမ်းများ ရှိပါသလား။**

ရှိပါသည်။ IFSP စည်းဝေးဆွေးနွေးပွဲတစ်ခုစီပြီးသည်နှင့်တစ်ပြိုင်နက် ဖြစ်နိုင်သမျှမြန်မြန် ကလေး၏ အကဲဖြတ်စစ်ဆေးမှု၊ သုံးသပ်မှု၊ မိသားစုအား သို့မဟုတ် တစ်ဦးတစ်ယောက်ချင်းစီအလိုက်မိသားစုဆိုင်ရာဝန်ဆောင်မှုများ အစီအစဉ် (IFSP)အား သုံးသပ်စစ်ဆေးမှု တစ်ခုစီ၏ မိတ္တူကော်ပီအာ အစောပိုင်း ACCESS အေဂျင်စီသည် သင့်ထံသို့ ပေးရမည်ဖြစ်သည်။

**အကယ်၍ မှတ်တမ်းပေါ်ရှိ အချက်လက်များမှာ မှန်ကန်ခြင်းမရှိဟု ကျွန်ုပ်ယူဆလျှင် မည်သို့ပြုနိုင်သနည်း။**

စုဆောင်းရရှိသည့်၊ ထိန်းသိမ်းထားသည့် သို့မဟုတ် အသုံးပြုသည့် အချက်အလက်များမှာ မမှန်ကန်ကြောင်း၊ လွဲမှားနေကြောင်း သို့မဟုတ် သင့်ကလေး၏ ပုဂ္ဂိုလ်ရေးရာစောင့်ထိန်းမှု၊သို့မဟုတ် အခြားသောအခွင့်အရေးများအား ချိုးဖောက်နေကြောင်း သင်ယုံကြည်နေလျှင် သင့်အနေဖြင့် မှတ်တမ်းများအားထိန်းသိမ်းသည့် အေဂျင်စီထံ မှတ်တမ်းများကို ပြန်လည်ပြင်ဆင်ပေးဖို့ တောင်းဆိုကောင်း တောင်းဆိုနိုင်ပေသည်။ တောင်းဆိုမှုအရ အချက်အလက်များအား ပြန်လည်ပြင်ဆင်သင့်၊မသင့်ကို ကျိုးကြောင်းသင့်လျော်သော အချိန်အတိုင်းတာအတွင်း အေဂျင်စီမှ ဆုံးဖြတ်မှုပြုမည်ဖြစ်သည်။ အကယ်၍ တောင်းဆိုမှုအတိုင်း အချက်အလက်များအား ပြင်ဆင်မှုကို ငြင်းဆိုရန် အေဂျင်စီမှ ဆုံးဖြတ်ခဲ့လျှင် ငြင်းပယ်မှုအကြောင်း သင့်ထံ အသိပေးအကြောင်းကြား မည်ဖြစ်ပြီး သင့်ထံ ကြားနာမှုပြုလုပ်နိုင်သည့် အခွင့်အရေးအား အကြံပြု မည်ဖြစ်သည်။

သင့်တောင်းဆိုမှုအရ အစောပိုင်း ကြားဝင်ဆောင်ရွက်မှုမှတ်တမ်းရှိ အချက်အလက်များသည် မှန်ကန်မှုမရှိ၊ မှားယွင်း သို့မှမဟုတ် သင့်ကလေး၏ ပုဂ္ဂိုလ်ရေးရာစောင့်ထိန်းမှုနှင့်အခြားသောအခွင့်အရေးများအား ချိုးဖောက်သည်ဟု ဆိုသည်တို့မှာ မဟုတ်ကြောင်း သေချာစေရန် ဖြေရှင်းမှုအတွက် ကြားနာခြင်းပြုလုပ်နိုင်သည့် အခွင့်အရေးအား အေဂျင်စီမှ ထောက်ပံ့ပေးလိမ့်မည်ဖြစ်သည်။ ကြားနာမှု၏ ရလဒ်အဖြစ်-

၁။ အကယ်၍ အချက်အလက်များသည် လွဲမှားနေကြောင်း၊ မမှန်ကန်ကြောင်း၊ သို့မှမဟုတ် သင့်ကလေး၏ ပုဂ္ဂိုလ်ရေးရာစောင့်ထိန်းမှု သို့မဟုတ် အခြားသောအခွင့်ရေးများအား ချိုးဖောက်မှုရှိကြောင်း ဆုံးဖြတ်ခဲ့လျှင် အေဂျင်စီမှ အချက်အလက်များအား ပြင်ဆင်လိမ့်မည်ဖြစ်ပြီး သင့်ထံ ရေးသား အကြောင်းကြားပေမည်။

၂။ အကယ်၍ အချက်အလက်များသည် လွဲမှားနေကြောင်း၊ မမှန်ကန်ကြောင်း၊ သို့မှမဟုတ် သင့်ကလေး၏ ပုဂ္ဂိုလ်ရေးရာစောင့်ထိန်းမှု သို့မဟုတ် အခြားသောအခွင့်အရေးများအား ချိုးဖောက်မှုရှိသည်ဟု ဆိုသည်တို့မှာ မဟုတ် မမှန်ကြောင်း ဆုံးဖြတ်ခဲ့လျှင် ဆုံးဖြတ်ချက်အား အေဂျင်စီမှ သင့်ထံ အကြောင်းကြားပေမည်။ အေဂျင်စီ၏ ဆုံးဖြတ်မှုဖြင့် သဘောမတူညီသည့် သင့် အကျိုးကြောင်းအရင်းများအား ဖြေရှင်းခြင်းနှင့် အချက်အလက် များအပေါ် မှတ်ချက်များပြုခြင်း ထွက်ဆိုမှုများအား သင့်ကလေး၏ မှတ်တမ်းများအပေါ်တွင် မှတ်သားနိုင်သည့် သင့်အခွင့်အရေးအားလည်း အေဂျင်စီမှ သင့်ထံ အကြောင်းကြားလိမ့်မည်ဖြစ်သည်။

၃။ မှတ်တမ်း သို့မဟုတ် ပါဝင်သည့်အစိတ်အပိုင်းများအား အေဂျင်စီမှ ထိန်းသိမ်းထားသမျှ ကာလပတ်လုံး သင့်ကလေး၏ မှတ်တမ်းများအပေါ်တွင် ထားရှိသည့် ဖြေရှင်းချက်မှန်သမျှအား အေဂျင်စီမှ မှတ်တမ်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ထိန်းသိမ်းရမည်ဖြစ်သည်။ အကယ်၍ မှတ်တမ်း သို့မဟုတ် မှတ်တမ်း၏ ပါဝင်သည့် အစိတ်အပိုင်းများအား အေဂျင်စီမှ ပါတီအဖွဲ့ တစ်ခုခုထံ ဖွင့်ဟခဲ့လျှင် သင့်ရှင်းလင်းချက်သည်လည်း ဖွင့်ဟခြင်း ခံရမည်ဖြစ်သည်။

**ကြားနာမှုသည် မည်သည့်ပုံစံမျိုး ဖြစ်သနည်း။**

ကြားနာမှုသည် FERPA ၏ လိုအပ်ချက်များဖြင့် လိုက်နာရမည်ဖြစ်သည်။ ထိုလိုအပ်ချက်များအား 34 C.F.R. ပုဒ်မ 99.22. တွင် တွေ့ရှိနိုင်ပေသည်။ ထိုလိုအပ်ချက်များနှင့်ပတ်သက်ပြီး အချက်အလက်များအား သင် ရယူလိုပါက သင့် ဝန်ဆောင်မှု စီမံဆောင်ရွက်ပေးသူထံသို့ ဆက်သွယ်မှုပြုပါ။

**"ပုဂ္ဂိုလ်ရေးရာဖော်ထုတ်မှုပြုနိုင်သည့် အချက်အလက်များ" ဆိုသည်မှာ အဘယ်နည်း။**

ပုဂ္ဂိုလ်ရေးရာဖော်ထုတ်မှုပြုနိုင်မှုဆိုသည်မှာ အောက်ပါကဲ့သို့ အချက်လက်များ ပါဝင်သော်လည်း၊ ကန့်သတ်ထားခြင်း မရှိသည်တို့အား ဆိုလိုသည်-

- သင့်ကလေး၏ နာမည်
- သင့်နာမည် သို့မဟုတ် အခြားသော မိသားစုဝင်များ၏ နာမည်များ
- သင့်ကလေး၏ လိပ်စာ သို့မဟုတ် သင်၊ သို့မဟုတ် အခြားသော မိသားစုဝင်များ၏ လိပ်စာ
- သင့်ကလေး၏ လူမှုဖူလုံရေးနံပါတ်၊ ကျောင်းသား နံပါတ်၊ သို့မဟုတ် ဘိုင်အိုမက်ထရစ် မှတ်တမ်းကဲ့သို့သော ပုဂ္ဂိုလ်ရေးရာ ဖော်ထုတ်မှုပြုနိုင်သည်များ
- သင့်ကလေး၏ မွေးနေ့ရက်စွဲ၊ မွေးဖွားရာနေရာ၊ သို့မဟုတ် ကလေးမိခင်၏ အိမ်ထောင်ပြုပြီးပြောင်းလဲသည့်မျိုးရိုးနာမည် စသည်တို့ကဲ့သို့သော အခြား သွယ်ဝိုက် ဖော်ထုတ်မှုပြုနိုင်သည်များ
- အခြေနေနှင့်ပတ်သက်ပြီး ပုဂ္ဂိုလ်ရေးရာဗဟုသုတမရှိသည့် လူမှုအသိုင်းဝိုင်းတွင်းမှ ကျိုးကြောင်းသင့်လျော်သော ပုဂ္ဂိုလ်တစ်ဦးအား ကျိုးကြောင်းသင့်လျော်သော သေချာမှုဖြင့် ကလေးတစ်ဦးအား မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်နိုင်ရန် အခွင့်ပေးသည့် ကလေးငယ်တစ်ဦးဦးသို့ ချိတ်ဆက်နေသော၊ သို့မဟုတ် ချိတ်ဆက်မှုပြုနိုင်သော အခြားသော အချက်အလက်များအား သီးသန့်ဖြစ်စေ သို့မဟုတ် ပေါင်းစပ်ပြီးဖြစ်စေ ဖွင့်ဟမှု
- ကလေးမည်သူမည်ဝါဖြစ်ကြောင်းအား သိရှိနေသည်ဟု အေဂျင်စီမှ ယုံကြည်သည့် မှတ်တမ်းများဖြင့်သက်ဆိုင်နေသော ပုဂ္ဂိုလ်တစ်ဦးမှ တောင်းဆိုသည့် အချက်အလက်များ

**ကျွန်ုပ်ကလေး၏ အစောပိုင်း ACCESS မှတ်တမ်းများရှိသည့် အေဂျင်စီမှ အချက်အလက်များအားထုတ်ပြန်ရန်အတွက် ကျွန်ုပ်ထံမှ အခွင့်တောင်းရန် လိုအပ်ပါသလား။**

ယေဘုယျစည်းမျဉ်းအရ လိုအပ်ပါသည်။ ပုဂ္ဂိုလ်ရေးရာဖော်ထုတ်မှုပြုနိုင်သည့် အချက်အလက်များအား မည်သူတစ်ဦးတစ်ယောက် (အချက်အလက် များအား စုဆောင်းသည့်၊ ထိန်းသိမ်းသည့် သို့မဟုတ် အသုံးပြုသည့် သက်ဆိုင်နေသော အေဂျင်စီများ၏ အရာရှိများ၊ အခွင့်အာဏာရ ကိုယ်စား လှယ်များ၊ သို့မဟုတ် ဝန်ထမ်းများထက်ဆိုင်လျှင်) ထံသို့မှ ဖွင့်ဟခြင်းမပြုမှီ၊ သို့မှမဟုတ် အစောပိုင်း ACCESS ဝန်ဆောင်မှုများ အကောင်အထည် ဖော်ဆောင်ရွက်သည့် ရည်ရွယ်ချက်ထက်ဆိုင်လျှင် အသုံးပြုခြင်းမပြုမှီ မိဘအုပ်ထိန်းသူဆိုင်ရာ သဘောတူညီချက်အား ရရှိရမည်ဖြစ်သည်။

သို့သော် မိဘအုပ်ထိန်းသူဆိုင်ရာ သဘောတူခွင့်ပြုချက် လိုအပ်မှုများတွင် ချွင်းချက်များ ရှိပေသည်။ ဥပမာအားဖြင့် ပညာရေးဆိုင်ရာ အရာရှိဝန်ထမ်းများသည် ကျန်းမာရေး သို့မဟုတ် အန္တရာယ်ကင်းလုံခြုံရေး အရေးပေါ်သို့ တုံ့ပြန်ရန် လိုအပ်ချိန်တွင် ကြိုတင် သဘောတူခွင့်ပြုချက်မလိုအပ်ဘဲ ပညာရေးဆိုင်ရာ မှတ်တမ်းများအား ဖွင့်ဟကောင်း ဖွင့်ဟပေမည်။ FERPA ၏ ချွင်းချက်များနှင့်ပတ်သက်ပြီး မေးခွန်းတစ်စုံတစ်ရာရှိလျှင် ကျေးဇူးပြုပြီး သင့် ဝန်ဆောင်မှု စီမံဆောင်ရွက်ပေးသူထံသို့ ဆက်သွယ်ပါ။

တစ်ခုသော အရေးကြီးသည့် FERPA ချွင်းချက်သည် ပညာရေးဆိုင်ရာအေဂျင်စီများမှ ကလေးရှိနေသည့် သို့မဟုတ် စာရင်းသွင်းထား ကောင်း သွင်းထားသည့် အခြားသော ပညာရေးဆိုင်ရာ အေဂျင်စီများသို့ မိဘအုပ်ထိန်းသူဆိုင်ရာခွင့်ပြုချက်မရှိဘဲ လွှဲပြောင်းနိုင် ခွင့်ပေး သည်။ ထိုအကြောင်းရင်းကြောင့် အစောပိုင်း ACCESS မှ IDEA အပိုင်း B (အစောပိုင်း ကလေးဘဝ အထူး ပညာရေး) သို့ ချောမွေ့စွာ လွှဲပြောင်းဆောင်ရွက်မှုအား သေချာစေနိုင်ရန် အကယ်၍ သင့်ကလေးအား အသက် သုံးနှစ်အရွယ်တွင် အပိုင်း B ကျောင်း အကြိုဝန်ဆောင်မှုများသို့ လွှဲပြောင်းမှုများတွင် FERPA နှင့် IDEA လက်အောက်စည်းမျဉ်းများအရ သင့်သဘောတူညီချက်အား မလိုအပ်ပေ။ သင့်ကလေး၏ အစောပိုင်း ACCESS မှတ်တမ်းများအား သင့်ကျောင်းဒေသပိုင်းအတွင်းရှိ အထူးပညာရေး ဝန်ဆောင်မှုများအတွက် တာဝန်ရှိသော ဇရိယာ ပညာရေးအေဂျင်စီထံသို့ ပေးပို့လိမ့်မည်ဖြစ်သည်။

အချက်အလက်များသည် သင့်ကလေး၏ အစောပိုင်း ACCESS မှတ်တမ်း၏ တစ်စိတ်တစ်ပိုင်း ဖြစ်သွားသည်နှင့်တစ်ပြိုင်နက် ၎င်းအား FERPA မှ ကာကွယ်ပေးမည်ဖြစ်ပြီး FERPAစည်းမျဉ်များအတိုင်းသာ ထုတ်ပြန်မှုပြုနိုင်မည်ဖြစ်သည်။ ဤတွင် သင့်ကလေး၏ မှတ်တမ်း သို့ပါဝင်သည့် ဆေးဘက်ဆိုင်ရာ သို့မဟုတ် ပြင်ပ အကဲဖြတ်စစ်ဆေးမှု အချက်အလက်များ မှန်သမျှ ပါဝင်ပေသည်။

**အကယ်၍ ကျွန်ုပ်ကလေး၏ အစောပိုင်း ACCESS မှတ်တမ်းများမှ အချက်အလက်များအား ဖွင့်ဟရန် လိုအပ်ချိန်တွင် ကျွန်ုပ်မှ ကျွန်ုပ်၏ သဘောတူညီချက်အား ထောက်ပံ့ပေးရန် ငြင်းဆိုခဲ့လျှင် အေဂျင်စီမှ မည်သို့ ဆောင်ရွက်လိမ့်မည်ဖြစ်သနည်း။**

အေဂျင်စီမှ သင်နှင့် တွေ့ဆုံလိမ့်မည်ဖြစ်ပြီး သဘောတူခွင့်ပြုချက်ထောက်ပံ့ပေးရန် သင့်ငြင်းဆိုမှုသည် သင့်ကလေး၏ အစောပိုင်း ACCESSဝန်ဆောင်မှုများအား လက်ခံရရှိနိုင်စွမ်းအပေါ် မည်သို့ သက်ရောက်မှုရှိလိမ့်မည်ဖြစ်ကြောင်း ရှင်းပြမည်ဖြစ်သည်။ လူထုအေဂျင်စီသည် သဘောတူခွင့်ပြုချက် ထောက်ပံ့ပေးရန် သင့်ငြင်းဆိုမှုအား ပယ်ဖျက်နိုင်ခြင်း မရှိပေ။

**ကျွန်ုပ်ကလေး၏ လျှို့ဝှက်စောင့်ထိန်းမှုနှင့် ကိုယ်ရေးကိုယ်တာစောင့်ထိန်းမှုအား ကာကွယ်ရန်နှင့် ကြိုတင်တားဆီးရန် လူထုအေဂျင်စီမှ ဆောင်ရွက်သည့် အခြားသော လုပ်ငန်းအဆင့်များ ရှိပါသလား။**

၁။ အေဂျင်စီတစ်ခုစီရှိ ဝန်ထမ်းအရာရှိတစ်ဦးသည် ကိုယ်ရေးကိုယ်တာထုတ်ဖော်မှုပြုနိုင်သည့် အချက်အလက်များအား လျှို့ဝှက်စောင့်ထိန်းမှုကို သေချာစေရန်အတွက် တာဝန်ရှိသည်ဟု မှတ်ယူရပေမည်၊

၂။ ပုဂ္ဂိုလ်ရေးရာဖော်ထုတ်မှုပြုနိုင်သည့် အချက်အလက်များအား စုဆောင်း သို့မဟုတ် အသုံးပြုသည့် အားလုံးသော ပုဂ္ဂိုလ်များသည် လျှို့ဝှက်စောင့်ထိန်းမှုနှင့် ကိုယ်ရေးကိုယ်တာထိန်းသိမ်းမှု ထရိန်နင်သင်ကြားခြင်း သို့မဟုတ် လျှို့ဝှက်စောင့်ထိန်းမှုနှင့် ကိုယ်ရေးကိုယ်တာထိန်းသိမ်းမှုအပေါ်တွင် ညွှန်ကြားချက်များ လက်ခံရရှိရမည်ဖြစ်သည်၊

၃။ ပါဝင်သက်ဆိုင်နေသည့် အေဂျင်စီ တစ်ခုစီသည် ပုဂ္ဂိုလ်ရေးရာဖော်ထုတ်မှုပြုနိုင်သည့်အချက်အလက်များအား ဝင်ရောက်ရရှိနိုင်ခွင့် ရရှိကောင်းရရှိထားသည့် အေဂျင်စီအတွင်းတွင်ရှိသော ဝန်ထမ်းများ၏ နာမည်များနှင့် ရာထူးများ၏ လက်ရှိစာရင်းအား လူထုစုံစမ်းစစ်ဆေးမှုအတွက် ထိန်းသိမ်းရပေမည်။

**အကယ်၍ ကျွန်ုပ်ကလေး၏ အစောပိုင်း ACCESS မှတ်တမ်းများအား မလိုအပ်တော့သည့်အချိန်တွင် မည်သို့ ဖြစ်လာမည်နည်း။**

အစောပိုင်း ကြားဝင်ဆောင်ရွက်မှု ဝန်ဆောင်မှုများ သင့်ကလေးထံသို့ ထောက်ပံ့ပေးရန် စုဆောင်း၊ ထိန်းသိမ်း သို့မဟုတ် အသုံးပြု ခဲ့သည့် ပုဂ္ဂိုလ်ရေးရာဖော်ထုတ်မှုပြုနိုင်သည့် အချက်လက်များအား ထပ်မံလိုအပ်ခြင်း မရှိတော့ချိန်တွင် လူထုအေဂျင်စီမှ သင့်ထံ အကြောင်းကြားလိမ့်မည်ဖြစ်သည်။ အကယ်၍ မှတ်တမ်းများအား ထပ်မံလိုအပ်ခြင်းမရှိတော့လျှင် သင့်တောင်းဆိုမှုအရ အချက်အလက်များအား ဖျက်ဆီးပစ်ပေမည်။

မှတ်တမ်းများအား ထပ်မံလိုအပ်ခြင်း မရှိတော့ချိန်အား ဆုံးဖြတ်မှုသည် လူထုအေဂျင်စီ၏ ကိုယ်ပိုင်ဆုံးဖြတ်မှုအပေါ်တွင် ကြီးမားစွာ မူတည်နေသည်။ အစောပိုင်း ACCESSဝန်ဆောင်မှုများသို့ ထောက်ပံ့ပေးရန် ထပ်မံသက်ဆိုင်ခြင်းမရှိတော့သည့် အချိန်နှင့် စာရင်းပြုရန်နှင့် မှီခိုအားထားနိုင်စွမ်း ရယ်ရွယ်ချက်များအတွက် ထပ်မံလိုအပ်ခြင်း မရှိတော့သည့် အချိန်အထိ မှတ်တမ်းအား ထိန်းသိမ်းထားလိမ့်မည် ဖြစ်သည်။ အနည်းဆုံးအနေဖြင့် စာရင်းစစ်နှင့် မှီခုအားထားနိုင်စွမ်း ရည်ရွယ်ချက်များအတွက် လိုအပ်သော မှတ်တမ်းအား အစောပိုင်း ACCESSသို့မဟုတ် အခြားသော ရန်ပုံငွေများအား အသုံးပြုသည့် ဆောင်ရွက်မှု ပြီးနောက် ငါးနှစ်ကြာသည်အထိ ထိန်းသိမ်းထားရမည် ဖြစ်သည်။

**အစောပိုင်း ACCESS အေဂျင်စီမှ ဖျက်ဆီးပစ်ရန်မလိုအပ်သည့် အချို့သော မှတ်တမ်းများ ရှိပါသလား။**

ရှိပါသည်။ အေဂျင်စီသည် သင့်ကလေး၏ နာမည်၊ မွေးနေ့၊ မိဘ ဆက်သွယ်လိပ်စာအချက်အလက် (နာမည်နှင့် တယ်လီဖုန်းနံပါတ် အပါအဝင်)၊ ဝန်ဆောင်မှု စီမံဆောင်ရွက်ပေးသူ၏ နာမည်များ၊ နှင့် အစောပိုင်း ACCESS ထောက်ပံ့ပေးသူများ၊ နှင့် အထွက်ဒေတာများ (ထွက်သွားသည့် ခုနှစ်နှင့် အသက်၊ ထွက်သွားသည့် ဝင်ရောက်ခဲ့သော အစီအစဉ်များ မှန်သမျှ စသည်တို့ အပါအဝင်) စသည်တို့၏ မှတ်တမ်းအား တစ်သက်လုံး ထိန်းသိမ်းထားကောင်း ထိန်းသိမ်းထားပေမည်။ ဤအချက်အလက်များအား အချိန်အကန့်အသတ်မရှိဘဲ ထိန်းသိမ်းထားကောင်း ထိန်းသိမ်းထားပေမည်။time limitation.

**မှတ်ချက်-**

**အစည်းအဝေးများ**

သင့်ကလေးအတွက် အရေးကြီးသော ဆုံးဖြတ်ချက် အများအပြားအား စည်းဝေးများတွင် ချမှတ်ဆောင်ရွက်ပါသည်။ ဤအပိုင်းသည် သင့် စည်းဝေးပွဲဆိုင်ရာ အခွင့်အရေးများအား ပြောပြမည်ဖြစ်သည်။

**လိုအပ်သော သို့မဟုတ် ရွေးချယ်နိုင်သော စည်းဝေးပွဲများမှာ အဘယ်နည်း။**

လိုအပ်သော - အစောပိုင်း ACCESS စည်းမျဉ်းများနှင့် IDEA ၏ အပိုင်း C ဥပဒေအရ အကယ်၍ သင့်ကလေးသည် အစောပိုင်း ACCESS အတွက် စံသတ်မှတ်ထားသည်နှင့်ကိုက်ညီကြောင်း ဆုံးဖြတ်ခြင်းခံရလျှင် ကနဦး IFSP အား ဖွံ့ဖြိုးဆောင်ရွက်ရန်အတွက် သင့်ကလေး၏ IFSP အား အကဲဖြတ်စစ်ဆေးမှုပြုသော (လိုအပ်သလို ပြန်လည်ကြည့်ရှုစစ်ဆေးသော) နှစ်စဉ် စည်းဝေးပွဲ လိုအပ်ပေသည်။ သင့်ကလေးအား အစောပိုင်း ACCESS မှ လွှဲပြောင်းချိန်တွင်လည်း စည်းဝေးပွဲအား လိုအပ်ပေသည်။

ရွေးချယ်နိုင်သော - ဥပဒေအရ သင့်ကလေး၏ IFSP အား အချိန်ပိုင်းအလိုက် (အနည်းဆုံး ခြောက်လတစ်ကြိမ်) ကြည့်ရှုစစ်ဆေးရန် လိုအပ်ပေသည်။ အချိန်ပိုင်းအလိုက်စစ်ဆေးမှုသည် စည်းဝေးပွဲတစ်ခုတွင်လည်း ဖြစ်ကောင်းဖြစ်နိုင်သော်လည်း စည်းဝေးပွဲအား မလိုအပ်ပေ။ သင့်ကလေး၏ IFSP အဖွဲ့သည်လည်း အကယ်၍ သင့်ကလေးအတွက် စည်းဝေးပွဲသည် အထောက်အကူပြုမည်ဟု ဆုံးဖြတ်ခဲ့လျှင် တွေ့ဆုံကောင်း တွေ့ဆုံကြမည်ဖြစ်သည်။

**စည်းဝေးပွဲ မည်သည့်နေရာတွင် မည်သည့်အချိန်၌ ဖြစ်ပေါ်ရန်အတွက် လိုအပ်ချက်များမှာ အဘယ်နည်း။**

အစောပိုင်း ACCESS အတွက် စည်းဝေးပွဲများသည် အောက်ပါတို့အတိုင်း ဆောင်ရွက်ရပေမည်-

- သင့်အတွက် အဆင်ပြေမည့် ပြင်ဆင်မှုအပြင်ဆင်များနှင့် အချိန်များ၊ နှင့်
- သင့်မိသားစု၏ မိခင်ဘာသာစကားဖြင့် သို့မဟုတ် သင်အသုံးပြုသော အခြားသော ဆက်သွယ်မှုနည်းလမ်း၊ ထိုသို့ပြုရန် မလွယ်ကူကြောင်း သေချာသည့် အခြေနေမှလွဲ၍

စည်းဝေးပွဲ စီစဉ်ဆောင်ရွက်မှုများ မှန်သမျှ ပြုလုပ်ရာတွင် သင်သည် တစ်စိတ်တစ်ပိုင်း ပါဝင်ရမည်ဖြစ်သည်။ တက်ရောက်နိုင်ခြင်း ရှိ၊ မရှိ သေချာစေရန်အလို့ငှာ သင်နှင့် အခြားသော စည်းဝေးပွဲတက်ရောက်မည့်သူများသည် စည်းဝေးပွဲ မတိုင်မီ လုံလောက်သော အချိန်အတွင်း ရေးသားထားသည့် သတိပေးချက်အား ကြိုတင် ရရှိရမည်ဖြစ်သည်။

**IFSP စည်းဝေးပွဲများသို့ မည်သူတို့ တက်ရောက်ရမည်နည်း။**

ကနဦးနှင့် နှစ်စဉ် IFSPစည်းဝေးပွဲများ၊ ထိုနည်းတူ သင့်ကလေးအတွက် ပြောင်းလွဲမှုအစီအစဉ်အား ဖွံ့ဖြိုးဆောင်ရွက်ရန် စည်းဝေးပွဲများတွင် အောက်ပါပုဂ္ဂိုလ်များ တက်ရောက်ရမည်ဖြစ်သည်-

၁။ <u>**သင်**</u> ("ကလေး၏ မိဘ သို့မဟုတ် မိဘများ")
၂။ အကယ်၍ ဆောင်ရွက်ရန်လွယ်ကူလျှင်၊ မိဘမှတောင်းဆိုသည်အရ၊ အခြားသော မိသားစုဝင်များ၊
၃။ အကယ်၍ မိဘမှ ထိုပုဂ္ဂိုလ်ပါဝင်စေရန် တောင်းဆိုခဲ့လျှင်၊ မိသားစုပြင်ပရှိ ထောက်ခံသူ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး၊
၄။ IFSP အား အကောင်ထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသည့် ဝန်ဆောင်မှု စီမံဆောင်ရွက်ပေးသူ
၅။ သင့်ကလေး၏ သုံးသပ်စစ်ဆေးမှုများနှင့် သင့်ကလေး၊ သင့်မိသားစု၏ အကဲဖြတ်စစ်ဆေးမှုများအား ဆောင်ရွက်ရာတွင် တိုက်ရိုက်ပါဝင်သည့် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ပုဂ္ဂိုလ်များ၊ နှင့်
၆။ သင့်ကလေး သို့မဟုတ် သင့်မိသားစုသို့ အစောပိုင်း ACCESS ဝန်ဆောင်မှုများ ထောက်ပံ့ပေးမည်ဖြစ်သော သင့်တော်ရာ ပုဂ္ဂိုလ်များ။

အကယ်၍ အိုင်တမ် ၅ တွင် စာရင်းပြုထားသည့် ပုဂ္ဂိုလ်သည် မတက်ရောက်နိုင်ခဲ့လျှင် ဒေသ လွှဲပြောင်းပေးအပ်မှုရရှိသူသည် ဖော်ပြပါ တို့မှ တစ်ခုအပါအဝင် အခြားသော နည်းလမ်းအားဖြင့် ထိုပုဂ္ဂိုလ်၏ ပါဝင်မှုအား သေချာစေရန် စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ပေမည်- ကွန်ဖရန့်ကောလ်ခေါ်ဆိုမှုဖြင့် ပါဝင်ခြင်း၊ စည်းဝေးပွဲသို့ သက်ဆိုင်ရာဗဟုသုတရှိသည့် အခွင့်အာဏာရ ကိုယ်စားလှယ်အား စေလွှတ် တက်ရောက်စေခြင်း၊ သို့မဟုတ် စည်းဝေးပွဲတွင် ရရှိသည့် သက်ဆိုင်ရာ မှတ်တမ်းများအား ပြုလုပ်ခြင်း။

## မိဘများနှင့် မိဘကိုယ်စားအုပ်ထိန်းသူများ

မိဘများသည် အစောပိုင်း ACCESS ဝန်ဆောင်မှုများတွင် အရေးကြီးသော တွဲဖက်ပါတနာများဖြစ်ပေသည်။ မွေးကင်းစ သို့မဟုတ် လမ်းလျှောက်တတ်ကာစကလေးငယ်၏ မိဘဖြစ်သူ မည်သူဖြစ်ကြောင်း ဆုံးဖြတ်မှုသည် အရေးပါပေသည်။ IDEA နှင့် အစောပိုင်း ACCESS စည်းမျဉ်းများမှ "မိဘ" အား အဓိပ္ပါယ် ဖွင့်ဆိုထားပေသည်။

### မိဘဆိုသည်မှာမည်သူနည်း။

"မိဘ" ဆိုသည်မှာ-

၁။ ကလေး၏ သွေးအရတော်စပ်သည့် သို့မဟုတ် မွေးစားထားသည့် မိဘ၊

၂။ ပြည်နယ်ဥပဒေ၊ စည်းမျဉ်းများ၊ သို့မဟုတ် စာချုပ်စာတမ်း တာဝန်များအားဖြင့် ပြည်နယ် သို့မဟုတ် ဒေသခံ အဖွဲ့စည်းမှ ကြည့်ရှုစောင့်ရှောက်ပေးထားသည့် ပုဂ္ဂိုလ်များအား မိဘအဖြစ် သတ်မှတ်ခြင်းမှ တားမြစ်ထားသည့် အခြေအနေမှလွဲ၍၊ ကြည့်ရှုစောင့်ရှောက်ပေးသည့် မိဘ၊

၃။ ကလေး၏မိဘအဖြစ် ဆောင်ရွက်ပေးရန် ယေဘုယျအားဖြင့် အခွင့်အာဏာရှိသော၊ သို့မဟုတ် ကလေးအတွက် အစောပိုင်း ကြားဝင်ဆောင်ရွက်မှု၊ ပညာရေး၊ ကျန်းမာရေး၊ သို့မဟုတ် ဖွံ့ဖြိုးမှုဆိုင်ရာ ဆုံးဖြတ်ချက်များ ပြုလုပ်ရန် အခွင့်အာဏာရှိသော အုပ်ထိန်းသူ (သို့သော် အကယ်၍ ကလေးသည် ပြည်နယ်၏ အုပ်ထိန်းမှုအောက်တွင်ရှိလျှင်မူ ပြည်နယ် မဟုတ်ရပေ)၊

၄။ ကလေးဖြင့်အတူနေသည့် သွေးအရတော်စပ်သော သို့မဟုတ် မွေးစားထားသော မိဘ နေရာတွင်ရှိသည့် တစ်ဦးတစ်ယောက်ချင်းစီ (ဘိုးဘွား၊ ပထွေးမိထွေး၊ သို့မဟုတ် အခြားသော ဆွေမျိုး စသည်တို့အပါအဝင်)၊ သို့မှမဟုတ် ကလေး၏ အစစအရာရာအတွက် ဥပဒေအရ တာဝန်ရှိသော တစ်ဦးတစ်ယောက်ချင်းစီ၊ သို့မှမဟုတ်

၅။ ဖယ်ဒရယ်ဥပဒေနှင့် အစောပိုင်း ACCESS စည်းမျဉ်းများနှင့်အညီ တာဝန်ပေးခြင်းခန့်ထားခြင်းခံရသော မိဘကိုယ်စား အုပ်ထိန်းသူ။

### အကယ်၍ မိဘအား အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြင့် ကိုက်ညီသောသူ တစ်ဦးထက်ပိုပြီး ရှိနေချိန်တွင် မည်သို့ဖြစ်လာနိုင်သနည်း။

"မိဘ" အဖြစ် အရည်အချင်းပြည့်မှီခြင်း ရှိ/မရှိ ဆုံးဖြတ်ရန် အောက်ပါစည်းမျဉ်းများအား အသုံးပြုပေသည်-

၁။ နောက်လာမည့်အပိုင်တမ်တွင် ထောက်ပံ့ထားသည့်အခြေနေမှလွဲ၍ သွေးသားအရတော်စပ်သည့် သို့မဟုတ် မွေးစားထားသည့် မိဘမှ၊ ဤအခန်းလက်အောက်တွင် မိဘအဖြစ် ဆောင်ရွက်ရန် ကြိုးပမ်းချိန်တွင်၊ နှင့် အဖွဲ့တစ်ဖက်ထက်ပို၍ မိဘအဖြစ် ဆောင်ရွက်ရန် အရည်အချင်းပြည့်မှီချိန်တွင် သွေးသားအရတော်စပ်သည့် သို့မဟုတ် မွေးစားထားသည့် မိဘထံတွင် ကလေးအတွက် ပညာရေးဆိုင်ရာ သို့မဟုတ် အစောပိုင်း ကြားဝင်ဆောင်ရွက်မှု ဝန်ဆောင်မှုများဆိုင်ရာ ဆုံးဖြတ်ချက်များ ပြုလုပ်ရန် ဥပဒေအရ အခွင့်အာဏာမရှိသည့် အခြေအနေမှလွဲ၍၊ မိဘအဖြစ် မှတ်ယူရမည်ဖြစ်သည်။

၂။ ကလေး၏ "မိဘ" အဖြစ် ပြုမူရန်၊ သို့မဟုတ် ကလေး၏ကိုယ်စား ပညာရေးဆိုင်ရာ သို့မဟုတ် အစောပိုင်း ကြားဝင်ဆောင်ရွက်မှု ဝန်ဆောင်မှုများဆိုင်ရာ ဆုံးဖြတ်ချက်များ ပြုလုပ်ရန် တရားရုံးဆုံးဖြတ်မှု သို့မဟုတ် အမိန့်ထုတ်ပြန်မှုအရ တစ်စုံတစ်ဦးသော ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များအား သတ်မှတ်ထားခဲ့လျှင် (မိဘကိုယ်စား အုပ်ထိန်းသူမှလွဲ၍)၊ သို့ပါက ထိုပုဂ္ဂိုလ် သို့မဟုတ် ထိုပုဂ္ဂိုလ်များသည် အတ်ဥပဒေ၏ အပိုင်း C ရည်ရွယ်ချက်များအတွက် "မိဘ" အဖြစ် သတ်မှတ်ခြင်း ခံရမည်ဖြစ်သည်၊ EIS ထောက်ပံ့သူ သို့မဟုတ် လူထုအေဂျင်စီမှ ကလေးထံသို့ သို့မဟုတ် ကလေး၏မိသားစုဝင် တစ်စုံတစ်ဦးထံသို့ ဝန်ဆောင်မှု တစ်စုံတစ်ရာထောက်ပံ့ပြီး၊ EIS ထောက်ပံ့သူ သို့မဟုတ် လူထုအေဂျင်စီမှ ကလေးအတွက် မိဘအဖြစ် ဆောင်ရွက်ချင်မှ ဆောင်ရွက်မည့် အခြေအနေမှလွဲ၍ ဖြစ်သည်။

### မိဘကိုယ်စား အုပ်ထိန်းသူအား မည်သည့်အတွက်ကြောင့် လိုအပ်သနည်း။

အစောပိုင်း ACCESS လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရန် ကလေးတစ်ဦးစီထံတွင် မိဘရှိကြောင်း ဒေသ လွှဲပြောင်းပေးအပ်မှု ရရှိသူမှ ဆုံးဖြတ်ရန် လိုအပ်သည်။ အကယ်၍ အောက်ပါအခြေအနေများထဲမှ တစ်စုံတစ်ခု တည်ရှိဖြစ်ပေါ်ခဲ့လျှင် ကလေးအတွက် မိဘကိုယ်စား အုပ်ထိန်းသူ လိုအပ်ခြင်း ရှိ/ မရှိ ဒေသ လွှဲပြောင်းပေးအပ်မှုရရှိသူမှ ဆုံးဖြတ်ပေးမည်ဖြစ်သည်-

၁။ မိဘဖြစ်သူများအား ဖော်ထုတ်နိုင်ခြင်း မရှိပေ၊

၂။ ကျိုးကြောင်းသင့်လျော်သော အားထုတ်မှုများဖြင့် မိဘဖြစ်သူများအား ခြေရာခံ၍ မရနိုင်ပေ၊ သို့မဟုတ်

၃။ ကလေးသည် ပြည်နယ်၏ ထိန်းသိမ်းစောင့်ရှောက်ခံရသူဖြစ်ပြီး တရားသူကြီးမှ ကလေး၏ အမှုကိစ္စအား ကြီးကြပ်မှုပြုသည်၊ သို့မှမဟုတ် မိဘကိုယ်စား အုပ်ထိန်းသူတစ်ဦးအား တာဝန်ပေးခန့်အပ်သည်။

မည်သည့်ကလေးအနေဖြင့် မိဘကိုယ်စား အုပ်ထိန်းသူအား လိုအပ်သည်ကို ဆုံးဖြတ်ရန်၊ နှင့် ကလေးအတွက် မိဘကိုယ်စား အုပ်ထိန်းသူအား တာဝန်ပေးခန့်အပ်ရန်သည် ဒေသ လွှဲပြောင်းပေးအပ်မှုရရှိသူ၏ တာဝန်ပင် ဖြစ်ပေသည်။

**မိဘကိုယ်စား အုပ်ထိန်းသူ၏ အရည်အချင်းပြည့်မီမှုများမှာ အဘယ်နည်း။**

မိဘကိုယ်စား အုပ်ထိန်းသူသည် အောက်ပါတို့ဖြင့် အရည်အချင်းပြည့်မီရမည်ဖြစ်သည်-

၁။ ကလေး၏ အကျိုးစီးပွားဖြင့် ပဋိပက္ခဖြစ်မှုများအား ပုဂ္ဂိုလ်ရေးရာအရ သို့မဟုတ် ပရော်ဖက်ရှင်နယ်အရ စိတ်ဝင်စားမှု မရှိရပေ၊

၂။ ကလေး၏ လုံလောက်သော ကိုယ်စားပြုမှုအား သေချာစေသည့် ဗဟုသုတ နှင့် အရည်အသွေး ရှိရမည်ဖြစ်သည်၊ နှင့်

၃။ Iowa ပညာရေးဌာန၊ ဒေသ လွှဲပြောင်းပေးအပ်မှုရရှိသူ၊ သို့မဟုတ် ကလေး၏စောင့်ရှောက်မှု သို့မဟုတ် ပညာရေးတွင် ပါဝင်ပတ်သက်နေသည့် အခြားသော အေဂျင်စီ တစ်စုံတစ်ရာ၏ ဝန်ထမ်း မဖြစ်ရပေ။

သို့မှမဟုတ် မိဘကိုယ်စား အုပ်ထိန်းသူဖြစ်ရန် အရည်ချင်းပြည့်မီသော ပုဂ္ဂိုလ်တစ်ဦးအား အေဂျင်စီ၏ ဝန်ထမ်းအဖြစ် သတ်မှတ်မည် မဟုတ်ပေ၊ အဘယ့်ကြောင့်ဆိုသော် သူ/သူမအား မိဘကိုယ်စား အုပ်ထိန်းသူတစ်ဦးအဖြစ် ထမ်းဆောင်ရန် အေဂျင်စီမှ ပေးချေထားသည်ဖြစ်သည်။

**မိဘကိုယ်စား အုပ်ထိန်းသူတစ်ဦးအား မည်သူ ခန့်အပ်ပေးသနည်း။**

ဥပဒေမှခွင့်ပြုသည့် အပြုမူမှန်သမျှဖြင့် မိဘကိုယ်စား အုပ်ထိန်းသူတစ်ဦးအား ဒေသ လွှဲပြောင်းပေးအပ်မှုရရှိသူမှ ခန့်အပ်ကောင်း ခန့်အပ်ပေလိမ့်မည်။ တစ်ဖက်တွင်မူ "ပြည်နယ်၏ စောင့်ထိန်းမှု" အောက်တွင်ရှိသော ကလေး၏ အရွယ်မရောက် ကလေးငယ် အမှုကိစ္စရပ်များတွင်မူ တရားရုံးမှ ကလေးအတွက် မိဘကိုယ်စား အုပ်ထိန်းသူတစ်ဦးအား ခန့်အပ်ကောင်း ခန့်အပ်ပေးပေမည်။ တရားရုံးမှန်ခန့်အပ်သည့် မိဘကိုယ်စား အုပ်ထိန်းသူသည် အထက်တွင် စာရင်းပြုထားသည့် အရည်အချင်းများဖြင့် ကိုက်ညီရပေမည်။

**မိဘကိုယ်စား အုပ်ထိန်းသူ၏ တာဝန်ယူမှုများမှာ အဘယ်နည်း။**

ကလေးဖွံ့ဖြိုးမှု၏ အကဲဖြတ်စစ်ဆေးမှု၊ သုံးသပ်စစ်ဆေးမှုများနှင့် IFSP အကောင်ထည်ဖော်ဆောင်ရွက်မှု (နှစ်စဉ် အကဲဖြတ်စစ်ဆေးမှုများနှင့် အချိန်ပိုင်းအလိုက် ကြည့်ရှုစစ်ဆေးမှုများ အပါအဝင်)၊ အစောပိုင်း ကြားဝင်ဆောင်ရွက်မှု ဝန်ဆောင်မှုများ၏ ဆက်လက်ထောက်ပံ့မှုများ၊ နှင့် အစောပိုင်း ACCESS နှင့် IDEA လက်အောက်ရှိ အခြားသော အခွင့်အရေးမှန်သမျှ သို့ သက်ဆိုင်သော ကိစ္စရပ်များအားလုံးတွင် မိဘကိုယ်စား အုပ်ထိန်းသူသည် ကလေးအား ကိုယ်စားပြုကောင်း ပြုရပေမည်။

မှတ်ချက်-

## သဘောထားမတိုက်ဆိုင်မှုများကို ဖြေရှင်းရန်နည်းလမ်းများ

**အစောပိုင်း** ACCESS စည်းကမ်းများ နှင့် IDEA အပိုင်း C တွင် သဘောထားမတိုက်ဆိုင်မှုဖြေရှင်းနည်း ၃ နည်းရှိပါသည်။ ထိုနည်းများမှာ-

- ဖြေရှင်းပေးခြင်း
- နိုင်ငံတော်သို့တိုင်ကြားခြင်း၊ နှင့်
- 'Due Process' တိုင်ကြားချက်

ဤလက်စွဲ၏နောက်အပိုင်းများတွင် အထက်ပါအချက်များကိုအသေးစိတ်ရှင်းပြပါမည်။

ထိုရွေးချယ်စရာ ၃ ချက်အပြင်၊ Regional Grantee တိုင်းတွင် သင်အသုံးပြုနိုင်သည့် ဖြေရှင်းခြင်းအားပံ့ပိုးဆောင်ရွက်ခြင်း (Resolution Facilitation) ရှိပါသည်။ Resolution Facilitation သည် ဤလက်စွဲတွင်ပါဝင်သော တရားဝင်ဖြေရှင်းခြင်း ၃ ဆင့်အစား (သို့) မပြုလုပ်မီ၊ သဘောမတိုက်ဆိုင်မှုကိုဖြေရှင်းရန်နည်းတစ်ခုဖြစ်ပါသည်။ ဖြေရှင်းခြင်းအားပံ့ပိုးဆောင်ရွက်သူ (Resolution Facilitator) သည် စောစီးစွာ အခွင့်အလမ်းရရှိမှု (အစောပိုင်း ACCESS) ဝန်ဆောင်မှုများ နှင့် အခြားကိစ္စများကို မိဘများ၊ အများပြည်သူပိုင် ကိုယ်စားလှယ်အဖွဲ့အစည်းများ နှင့် ပုဂ္ဂလိကအပိုင်းကိုထောက်ပံ့သူများအကြား ဖြေရှင်းရာတွင်ကူညီပေးပါသည်။

သဘောထားမတိုက်ဆိုင်မှုများရှိလျှင်၊ ပထမဦးဆုံးပြုလုပ်သင့်သောအချက်မှာ ပွင့်လင်းစွာဆွေးနွေးခြင်းဖြစ်ပါသည်။ ဖြေရှင်းပေးမည့်သူသည် နှစ်ဦးနှစ်ဖက်လုံး၏ သဘောထားကိုထည့်သွင်းစဉ်းစားပြီး အဆင်ပြေစွာ ပြီးဆုံးသွားအောင် အကြံပြုပါသည်။ Resolution Facilitator သည်ဖြန်ဖြေပေးမှုများအတွက် သေချာလေ့ကျင့်ထားသော ဖြေရှင်းပေးမည့်သူနှင့် ပါဝင်ဖြေရှင်းပေးသည့်တတိယပုဂ္ဂိုလ် ဖြစ်ပါသည်။ Resolution Facilitator သည် သင့် အစောပိုင်း ACCESS ဒေသအတွင်းမှ၊ သို့မဟုတ် လိုအပ်လျှင်အခြားဒေသမှတစ်ဦး သို့မဟုတ် Department of Education မှရွေးချယ်ပေးသောသူဖြစ်နိုင်ပါသည်။ Resolution Facilitator ဝန်ဆောင်မှုသည် သင် နှင့် သင့်ကလေးအတွက်ထောက်ပံ့သူများအတွက် အခမဲ့ဖြစ်ပါသည်။

ဤလက်စွဲတွင်ပါဝင်သောတရားဝင်ဖြေရှင်းခြင်း ၃ ဆင့်မပြုလုပ်မီ၊ Resolution Factilitator ဖြေရှင်းနည်းကိုပြုလုပ်ရန်မှာသင့်သဘောဖြစ်သည်။

**မှတ်ချက်များ-**

## ညှိနှိုင်းဖြန်ဖြေမှု

Iowa Department of Education နှင့် Regional Grantees တွင် သဘောထားမတိုက်ဆိုင်မှုများအား ညှိနှိုင်းဖြန်ဖြေမှုကိုသုံးစွဲ၍ ဖြေရှင်းရန်နည်းလမ်းများရှိပါသည်။ ညှိနှိုင်းဖြန်ဖြေမှုကိုအသုံးပြုရန်မှာ ပါဝင်သူများ၏ရွေးချယ်ခွင့်ဖြစ်ပြီး ညှိနှိုင်းဖြန်ဖြေမှုကို ပြုလုပ်ပေးမည့်သူသည် ညှိနှိုင်းဖြန်ဖြေမှုတွင်ကျွမ်းကျင်သူတစ်ဦးဖြစ်ပါသည်။ ညှိနှိုင်းဖြန်ဖြေမှုကိုအချိန်မရွေးပြုလုပ်နိုင်ပြီး၊ due process complaint မတိုင်မီပါပြုလုပ်နိုင်ပါသည်။ ညှိနှိုင်းဖြန်ဖြေမှုကိုအသုံးပြုခြင်းသည် due process complaint တိုင်ကြားရန်အခွင့်ကိုပိတ်ပင်ခြင်း သို့မဟုတ် နှောင့်နှေးစေရန်ပြုလုပ်ခြင်းမဟုတ်ပါ။ အစောပိုင်း ACCESS မှသင့်အခြားလုပ်ပိုင်ခွင့်များကို ပိတ်ပင်ခြင်းလည်းမဟုတ်ပါ။

ဤလက်စွဲ၏ စာမျက်နှာ ၂၀ တွင်ညှိနှိုင်းဖြန်ဖြေမှုစနစ်အသုံးပြုရန်အတွက်တောင်းဆိုချက်ဖောင်နမူနာရှိပါသည်။

**ညှိနှိုင်းဖြန်ဖြေမှုပြုလုပ်ပေးသောသူများ နှင့် ညှိနှိုင်းဖြန်ဖြေမှုအတွက်ကုန်ကျစရိတ်ကိုခံပေးသောသူများအား မည်သည့်နေရာတွင် ကျွန်ုပ်ရှာဖွေနိုင်သနည်း။**

Iowa Department of Education သည်-

၁။ **အစောပိုင်း** ACCESS ဝန်ဆောင်မှုများပေးခြင်း နှင့် သက်ဆိုင်သောဥပဒေများနှင့်စည်းမျဉ်းများကို ကောင်းစွာ တတ်သိနားလည်သည့်**ညှိနှိုင်းဖြန်ဖြေမှု**ကျွမ်းကျင်သူဖြန်ဖြေပေးသူများစာရင်းကို ပြုစုထားပါသည်။

၂။ ဖြန်ဖြေပေးမည့်သူကို အစီအစဉ်တကျမရှိ၊ မျက်နှာမလိုက်ပဲ ကျပန်းရွေးချယ်ပေးပါသည်။

၃။ **ညှိနှိုင်းဖြန်ဖြေမှုညှိနှိုင်းဖြန်ဖြေမှု**ကိုအသုံးပြုရန်ပါဝင်သူမှမလိုလားသည့်အခါ **ညှိနှိုင်းဖြန်ဖြေမှု**ကိုအသုံးပြုရန်တိုက်တွန်းသည့်အနေအဖြင့် စည်းဝေးတွေ့ဆုံခြင်းကုန်ကျမှုများအပါအဝင် **ညှိနှိုင်းဖြန်ဖြေမှု**အတွက်ကုန်ကျစရိတ်များကိုပါ ပေးဆောင်ပေးပါသည်။

**ညှိနှိုင်းဖြန်ဖြေမှုပြုလုပ်ပေးမည့်သူသည် မျက်နှာမလိုက်တတ်ကြောင်း ကျွန်ုပ် မည်သို့သိရှိနိုင်မည်နည်း။**

ညှိနှိုင်းဖြန်ဖြေမှုပြုလုပ်ပေးမည့်သူသည်-

- Iowa Department of Education ဝန်ထမ်း သို့မဟုတ် အများပြည်သူပိုင်ကိုယ်စားလှယ်အဖွဲ့အစည်း သို့မဟုတ် သင့်ကလေးအားတိုက်ရိုက်ဝန်ဆောင်မှုများပေးသည့်ပုဂ္ဂလိကဝန်ဆောင်မှုထောက်ပံ့သူ စသည်တို့ထဲမှ ဖြေရှင်းပေးသူဖြစ်မည်မဟုတ်ပါ၊ ပြီးနောက်
- ကိုယ်ရေးကိုယ်တာ သို့မဟုတ် အလုပ်ပိုင်းဆိုင်ရာသဘောထားကွဲလွဲမှုများမရှိရပါ။

တစ်နည်းအားဖြင့် အရည်အချင်းပြည့်မီသူသည် ညှိနှိုင်းဖြန်ဖြေမှုIowa Department of Education မှဝန်ထမ်းမဟုတ်ပါ အဘယ်ကြောင့်ဆိုသော် သူ သို့မဟုတ် သူမ သည် ညှိနှိုင်းဖြေရှင်းမှုပေးသူပြုလုပ်ရန် ငွေကြေးယူသော သူဖြစ်သည့် အတွက်ကြောင့်ဖြစ်ပါသည်

**ညှိနှိုင်းဖြန်ဖြေမှုစနစ်နှင့်ပတ်သက်၍ မည်သို့သောအရာများအချို့ကို ကျွန်ုပ် သိထားဖို့လိုအပ်သနည်း။**

၁။ **ညှိနှိုင်းဖြန်ဖြေမှု**စနစ်အတွက် တွေ့ဆုံမှုတိုင်းကို အချိန်ဇယားဖြင့် သေချာချိန်းဆိုပြီး တွေ့ဆုံရန်နေရာသည် ငြင်းပွားမှု ပါဝင်သော သူများအားအဆင်ပြေစေသောနေရာဖြစ်ရပါမည်။

၂။ သင်နှင့် အများပြည်သူပိုင်ကိုယ်စားလှယ်အဖွဲ့အစည်းသည် ငြင်းပွားမှုအားဖြေရှင်းရန် **ညှိနှိုင်းဖြန်ဖြေမှု** စနစ်ကိုအသုံးပြု၍ အဆင်ပြေသွားပါက၊ သင် နှင့် ထိုအဖွဲ့အစည်းသည် နှစ်ဖက်သဘောတူတရားဝင်စာချုပ်ကို ရေးထိုးရပါမည်။

၃။ သင်နှင့် အများပြည်သူပိုင်ကိုယ်စားလှယ်အဖွဲ့အစည်းမှလုပ်ပိုင်ခွင့်ရှိသောသူသည် နှစ်ဖက်သဘောတူ တရားဝင် စာချုပ် ရေးထိုးရပါမည်။

၄။ လက်မှတ်ရေးပြီး ရေးသားထားသော**ညှိနှိုင်းဖြန်ဖြေမှု**စာချုပ်သည် တရားစီရင်ပိုင်ခွင့်ရှိသည့် ပြည်နယ်တရားရုံး သို့မဟုတ် အမေရိကန်ပြည်ထောင်စုအတွင်းရှိ တရားရုံးတိုင်းတွင်အကျုံးဝင်ပါသည်။

၅။ ညှိနှိုင်းဖြန်ဖြေမှုပြုလုပ်စဉ် ဆွေးနွေးပြောဆိုခဲ့သောအရာများသည် လျှို့ဝှက်ထားသောအချက်အလက်များ ဖြစ်ပြီး တရားရုံးတွင်ရင်ဆိုင်သောအခါ သက်သေအဖြစ်အသုံးပြုမရပါ။

ညှိနှိုင်းဖြန်ဖြေမှု**စနစ်အား အသုံးမပြုလိုလျှင်။**

ညှိနှိုင်းဖြန်ဖြေမှုစနစ်ကိုအသုံးမပြုလိုသောသူကို Regional Grantee မှ မိဘများ အဆင်ပြေသောအချိန် နှင့် နေရာတွင် စိတ်ပါဝင်စားမှုမရှိသောအဖွဲ့အစည်း (disinterested party) ကိုတွေ့ဆုံရန် အခွင့်ကိုပေးပါမည်။

**စိတ်ဝင်စားမှုမရှိသောသူ (Disinterested Party) သည် မည်သူနည်း။**

၁။ အငြင်းပွားမှုဖြေရှင်းပေးသောအခြားအဖွဲ့အစည်း-

၂။ Iowa Parent Training and Information Center (Iowa တွင် Access for Special Kids (ASK) Resource Center ဖြစ်သည်)- သို့မဟုတ်

၃။ မိဘများအတွက် လူထုအချက်အလက် **သယံဇာတ** များစင်တာ (community parent resource center)

**စိတ်ဝင်စားမှုမရှိသောသူသည် မည်သည့်အရာကိုလုပ်ပေးမည်နည်း။**
သင့်အား **ညှိနှိုင်းဖြန်ဖြေမှု**စနစ်ကိုအသုံးပြုခြင်းဖြင့် ရရှိနိုင်သောအကျိုးအမြတ်များကိုရှင်းပြပြီး **ညှိနှိုင်းဖြန်ဖြေမှု**စနစ်ကိုအသုံးပြုရန် တိုက်တွန်းပါမည်။

**ညှိနှိုင်းဖြန်ဖြေမှုတောင်းဆိုချက် ဆိုင်းငံ့ထားစဉ် ကျွန်ုပ်ကလေးအတွက် မည်သည့်ဝန်ဆောင်မှုများရရှိနိုင်ပါသနည်း။**
**ညှိနှိုင်းဖြန်ဖြေမှု**တောင်းဆိုချက်ကိုဆိုင်းငံ့ထားပြီး ၁၀ ရက်အတွင်း **ညှိနှိုင်းဖြန်ဖြေမှု**တောင်းဆိုချက်အတွက်သဘောတူညီမှုမရပါက (ကိုယ်စားလှယ်အဖွဲ့ နှင့် မိဘများကြားအခြားသဘောတူညီမှုမရှိလျှင်)၊ **ညှိနှိုင်းဖြန်ဖြေမှု**တွင်ပါဝင်သောကလေးသူငယ်အား အခြေအနေအပေါ်မူတည်၍ IFSP မှသတ်မှတ်ပေးပြီး မိဘများမှသဘောတူညီထားသောကြားဝင်ဝန်ဆောင်မှုများ ကိုပေးပါမည်။

ဖြန်ဖြေမှုတွင် အစောပိုင်း ACCESS အောက်မှဝန်ဆောင်မှုများရရှိရန်လျှောက်ထားလျှင်၊ ထိုကလေးသူငယ်သည် အငြင်းပွားမှုတွင်မပါသော ဝန်ဆောင်မှုများရရှိပါမည်။

**မှတ်ချက်များ-**

ဥပဒေအရ IDEA ၏ အပိုင်း C သို့မဟုတ် Iowa ၏ **အစောပိုင်း** ACCESS စည်းကမ်းများကိုဖောက်ဖျက်သော အဖွဲ့အစည်း အများအား တိုင်တန်းခြင်းကို ဖြေရှင်းရန်အတွက် Iowa Department of Education တွင်နည်းလမ်းရှိရပါသည်။ ဤလက်စွဲ၏ စာမျက်နှာ ၂၂ တွင်နိုင်ငံတော်သို့တိုင်ကြားချက်နမူနာဖောင်ရှိပါသည်။

**အစောပိုင်း ACCESS အောက်တွင်တိုင်ကြားမှုပြုလုပ်ရန် Iowa Department of Education မှနည်းလမ်းပေးပါသလား။**
Iowa Department of Education တွင်အောက်ပါအခြေအနေများအတွက်ရေးသားထားပြီးနည်းလမ်းများရှိပါသည်-

၁။ Iowa Department of Education နှင့် တိုင်ကြားချက်တင်သောအခါဖြေရှင်းပေးပါသည်။ တိုင်ကြားချက်သည် အခြားနိုင်ငံမှတစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုမှတိုင်ကြားခြင်းများအပါအဝင်ဖြစ်ပါသည်။

၂။ မိဘနှင့် စိတ်ဝင်စားသူများကို နိုင်ငံတော်၏လုပ်နည်းလုပ်ဟန်များကိုဖြန့်ဖြူးပေးပါသည်၊ Parent Training နှင့် Information Centers၊ Protection နှင့် Advocacy ကိုယ်စားလှယ်အဖွဲ့များ၊ Independent living Centers နှင့် အခြားသင့်လျော်သောအဖွဲ့များအပါအဝင်ဖြစ်ပါသည်။

**သင့်လျော်သော အစောပိုင်း ACCESS ဝန်ဆောင်မှုများအား ဖြည့်တင်းလုပ်ဆောင်ခြင်း မရှိခဲ့ပါက Iowa ပညာရေးဌာန ဘာတွေပြုလုပ်လိမ့်မည်နည်း။**
**သင့်လျော်သော ဝန်ဆောင်မှုများ ဖြည့်တင်းလုပ်ဆောင်ခြင်းမရှိသည့်ကို Iowa ပညာရေးဌာနမှ သိရှိခဲ့သော် ထိုတိုင်ကြားချက်အား ဖြေရှင်းရာတွင်၊ အောက်ပါတို့ကို ထည့်သွင်းရပါမည်-**

၁။ သင့်လျော်သောဝန်ဆောင်မှုပေးရန်ပျက်ကွက်ခြင်းနှင့် အတူတကွကလေး၏လိုအပ်ချက်ပေါ်မူတည်၍ သင့်လျော်သောလုပ်ရပ်ကိုပါထည့်ပြောပေးရပါမည်။

၂။ မသန်စွမ်းကလေးငယ်များအတွက်လိုအပ်သောဝန်ဆောင်မှုများကိုအနာဂတ်တွင်ပေးနိုင်ရန်

**ပညာရေးဌာန ၏ ပြည်နယ်တိုင်ကြားချက်လုပ်စဉ်များတွင် မည်သည်တို့ပါဝင်ပါသနည်း။**
တိုင်ကြားချက်လုပ်စဉ်တွင် Iowa ပညာရေးဌာန သည်အောက်ပါအချက်များကိုပြုလုပ်ရန်အတွက် တိုင်ကြားချက်ပြုလုပ်ပြီးနောက် ပြက္ခဒိန်ရက် ၆၀ အချိန်ကန့်သတ်လိုက်ပါသည်-

၁။ Iowa ပညာရေးဌာန မှလိုအပ်သည်ဟုဆုံးဖြတ်ပါက၊ ကွင်းဆင်းပြီးစုံစမ်းစစ်ဆေးပါမည်-

၂။ တိုင်ကြားသူအား တိုင်ကြားချက်နှင့်ပတ်သက်၍အပိုအချက်အလက်များပေးခွင့်ပြုထားပါသည်၊ စာရေး သို့မဟုတ် နှုတ်ရေးဖြင့်ပြောနိုင်ပါသည်-

၃။ ပြည်သူပိုင်ကိုယ်စားလှယ်အဖွဲ့အစည်းကိုပြန်လည်ဖြေကြားခွင့်ပေးပါမည်၊ အောက်ပါအချက်အလက်များအပါအဝင်-
   က။ တိုင်ကြားချက်ကိုဖြေရှင်းရန်အတွက်နည်းလမ်းအကြံပြုခွင့်
   ခ။ မိဘသဘောတူလျှင် ကိုယ်စားလှယ်အဖွဲ့ကို ညှိနှိုင်းဖြန်ဖြေမှုပြုလုပ်နေစဉ် (သို့) အခြားဖြေရှင်းနည်းပြုလုပ်စဉ် မိဘများကိုဝင်ရောက်တွေ့ဆုံခွင့်ပေးရန်-

၄။ သက်ဆိုင်သောအချက်အလက်များကိုပြန်လည်စစ်ဆေးပြီး ထိုကိုယ်စားလှယ်အဖွဲ့သည် IDEA မှ ကန့်သတ်ချက်ကိုဖောက်ဖျက်မှုရှိ/မရှိဆုံးဖြတ်ချက်ချခြင်း

၅။ စာရေးသားထားသောဆုံးဖြတ်ချက်ကို တိုင်ကြားသူထံသို့ပို့ပေးပြီး တိုင်ကြားချက်တွင်ပါဝင်သော အချက်အလက်များကိုဖြေကြားပေးထားပါသည်-
   က။ ရှာဖွေတွေ့ရှိသောအချက်အလက်များ
   ခ။ Iowa ပညာရေးဌာန ၏ ဆုံးဖြတ်ချက်ကိုဖြေရှင်းချက်

**ရက် ၆၀ ထက်ပိုပြီးရက်တိုးတောင်းလို့ရပါသလား။**

Iowa ပညာရေးဌာန နည်းလမ်းသည် ရက်တိုးကိုအောက်ပါအခြေအနေများတွင်သာပေးပါသည်-

၁။ တိုင်ကြားချက်နှင့် ပတ်သက်၍ဖြစ်ပေါ်လာသောဖြစ်ပေါ်လာသောအခြေအနေများတွင်

၂။ မိဘ နှင့် ပြည်သူပိုင်ကိုယ်စားလှယ်အဖွဲ့အစည်းတို့ နှစ်ဦးနှစ်ဖက်လုံးသဘောတူလျှင်

**တိုင်ကြားချက်အတွက်ချမှတ်လိုက်သောဆုံးဖြတ်ချက်ကိုဘယ်လိုအကောင်အထည်ဖော်ပါသလဲ။**

Iowa ပညာရေးဌာန သည်နောက်ဆုံးချမှတ်လိုက်သောဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန်နည်းလမ်းများရှိပြီးလိုအပ်လျှင်အောက်ပါအချက်များပါပြုလုပ်ပေးပါသည်-

၁။ စက်မှုလက်မှုဆိုင်ရာလုပ်ငန်းစဉ်အတွက်အကူအညီပေးခြင်း-

၂။ ညှိနှိုင်းမှုပြုလုပ်ပေးခြင်း

၃။ ဆုံးဖြတ်ချက်ကိုလေးစားလိုက်နာရန်အတွက်အရေးယူဆောင်ရွက်ပေးခြင်း

**ဘယ်သူတိုင်ကြားနိုင်ပါသလဲ။ ဘယ်လိုတိုင်ကြားရပါသလဲ။**

အဖွဲ့အစည်း သို့မဟုတ် တစ်ဦးတည်း စာရေးလက်မှတ်ထိုးပြီး တိုင်ကြားနိုင်ပါသည်။ တိုင်ကြားချက်တွင် ပြည်သူပိုင်ကိုယ်စားလှယ်အဖွဲ့အစည်းသည် IDEA ၏ အပိုင်း C ကိုဖောက်ဖျက်ထားကြောင်းထည့်သွင်း တိုင်တန်းရပါမည်။ တိုင်တန်းချက်တွင်အောက်ပါအချက်များလည်းပါဝင်ရပါမည်-

၁။ မည်သည့်အချက်ကိုအခြေခံ၍တိုင်တန်းကြောင်း

၂။ တိုင်တန်းသူ၏ ဆက်သွယ်မှုပြုလုပ်ရန်အချက်အလက်များနှင့်ထိုးမြဲလက်မှတ်

၃။ ဖောက်ဖျက်မှုဖြစ်ပေါ်ခဲ့သောနေ့နှင့် တိုင်တန်းမှုပြုလုပ်ခြင်းကိုရရှိသောနေ့ကြားတွင် တစ်နှစ်မရှိကြောင်းပါဝင်ရပါမည်။

ဖောက်ဖျက်မှုသည် ကလေးသူငယ်<u>တစ်ဦး</u> ကိုနစ်နာစေပါက၊ ထိုတိုင်ကြားချက်တွင်အောက်ပါအချက်များပါဝင်ရပါမည်-

၁။ ထိုကလေး၏အမည် နှင့် နေရပ်လိပ်စာ-

၂။ ကလေးသူငယ်၏ ဝန်ဆောင်မှုများကိုတာဝန်ယူနေသော Regional Grantee /ကိုယ်စားလှယ်အဖွဲ့/ အစီအစဉ်၏အမည်;

၃။ အိုးမဲ့အိမ်မဲ့ကလေးဖြစ်ပါက (McKinney-Vento Homeless Assistance Act (42 U.S.C. §11434a(2) ၏ အပိုင်း 725(2) နှင့်အညီ)၊ ဆက်သွယ်မှုပြုလုပ်နိုင်ရန်အချက်အလက် နှင့် ကလေးသူငယ်၏ ဝန်ဆောင်မှုများကို တာဝန်ယူနေသော Regional Grantee /ကိုယ်စားလှယ်အဖွဲ့/ အစီအစဉ်၏အမည်-

၄။ ကလေးသူငယ်၏ အခက်အခဲအမျိုးအစားကိုသက်ဆိုင်သောအချက်အလက်များနှင့်ဖော်ပြချက်-

၅။ တိုင်ကြားချက်ပြုလုပ်စဉ် သိထားသောအချက်အလက်များကိုအခြေခံ၍ အသင့်တော်ဆုံးဖြစ်မည့် ဖြေရှင်းနည်း ကိုတင်ပြချက်

တိုင်ကြားသူသည် Iowa ပညာရေးဌာန သို့ တိုင်ကြားချက်ပို့သောအခါ၊ ထိုကလေးကိုဝန်ဆောင်မှုပေးနေသော Regional Grantee သို့ပါ မိတ္တူပို့ပေးရပါမည်။

## DUE PROCESS တိုင်ကြားချက် (DUE PROCESS ကြားနာခြင်း)

ကြားနာခြင်းအတွက်တောင်းဆိုလျှင်၊ သင် သို့မဟုတ် ဤအငြင်းပွားမှုတွင်ပါဝင်သော Regional Grantee ကို မျက်နှာလိုက်မှုမရှိသည့် 'Due Process' ကြားနာခြင်းပြုလုပ်ရန်အခွင့်ပေးရပါမည်။ ဤလက်စွဲ၏ စာမျက်နှာ ၂၄ တွင် 'Due Process' တိုင်ကြားချက် နှင့် ကြားနာခြင်းရရှိရန်တောင်းဆိုသည့်ဖောင်နမူနာရှိပါသည်။

**'Due Process' ကြားနာခြင်းကိုပြုလုပ်ပေးရန် ဘယ်သူ့တွင်တာဝန်ရှိပါသလဲ။**

ကြားနာခြင်းအတွက် Iowa ပညာရေးဌာန မှစီစဉ်ပေးပါမည်။

**'Due Process' ကြားနာခြင်းတွင်အချက်အလက်များကိုနားထောက်ပြီး ဆုံးဖြတ်ချက်ချတာဘယ်သူလဲ။**

'စီမံခန့်ခွဲရေးဆိုင်ရာ ဥပဒေ၏အရာရှိ' (ALJ) ဘွဲ့ရှိသောသူတစ်ဦးသည်သက်သေနှင့် တရားဝင်ဆွေးနွေးခြင်းကို ကြားနာပါမည်။ ကြားနာပြီးလျှင် ALJ မှဆုံးဖြတ်ချက်ချပါမည်။ Iowa ပညာရေးဌာန တွင် ALJ ဘွဲ့ရှိသောသူများကိုစာရင်းပြုထားပါသည်။ ထိုစာရင်းတွင် ALJ တိုင်း၏ပညာအရည်အချင်းပါဝင်ပါသည်။

**မျက်နှာမလိုက်တတ်သော ALJ တွင်ရှိသင့်သည့်ပညာအရည်အချင်း။**

ALJ သည် အနည်းဆုံးအောက်ပါအချက်များမဟုတ်ရပါ-

၁။ Iowa ပညာရေးဌာန၊ AEA သို့မဟုတ် သင့်ကလေးကိုပညာသင်ကြား (သို့) စောင့်ရှောက်မှု ပေးသော ဒေသမှဝန်ထမ်းမဟုတ်ရပါ။

၂။ ကြားနာမှုတွင်ဆုံးဖြတ်ချက်ချသောအခါကိုယ်ရေးကိုယ်တာ သို့မဟုတ် အလုပ်ပိုင်းဆိုင်ရာ သဘောထားကွဲလွဲမှုများမရှိရပါ။

ALJ သည်:

၁။ IDEA 2004 ထောက်ပံ့ခြင်း၊ IDEA နှင့် သက်ဆိုင်သော အစိုးရ/နိုင်ငံတော်စည်းမျဉ်းစည်းကမ်းများ၊ IDEA နှင့်ပတ်သက်၍ အစိုးရ/နိုင်ငံတော်တရားရုံးများတွင်တရားယူပုံများ အစရှိသောအချက်များကိုနှံ့စပ်စွာသိပြီး နားလည်ရပါမည်။

၂။ ကြားနာခြင်းကို တရားဝင်နည်းစနစ်ကျပြုလုပ်နိုင်သောအရည်အချင်းနှင့်အတွေ့အကြုံရှိရပါမည်။

၃။ ကြားနာခြင်းတွင် တရားဝင်နည်းစနစ်ကျစွာဆုံးဖြတ်ချက်ကိုရေးနိုင်သောအရည်အချင်းနှင့် အတွေ့အကြုံရှိရပါမည်။

ကြားနာခြင်းတွင်ဦးဆောင်ပါက ကိုယ်စားလှယ်အဖွဲ့မှဝန်ထမ်းမဟုတ်ပါ - ထိုသူထံမှ ALJ အဖြစ်အကူအညီရရန် ငွေကြေးပေးထားသော အကြောင်းပြချက်တစ်ခုထဲကြောင့်ဖြစ်သည်။

**ထိုအချိန်အတောအတွင်း ကျွန်ုပ်ကလေးဘာဝန်ဆောင်မှုများရနိုင်ပါသလဲ။**

Administrative နှင့် judicial proceedings များပြုလုပ်စဉ်၊ အခြေအနေအပေါ်မူတည်၍ IFSP မှသတ်မှတ်ပေးပြီး မိဘများမှသဘောတူညီထားသော ကြားဝင်ဝန်ဆောင်မှုများကိုပေးပါမည်။ 'Due process' တိုင်ကြားချက်တွင် အစောပိုင်း ACCESS တွင်ပါဝင်သောဝန်ဆောင်မှုများကိုရယူရန် လျှောက်ထားပါက၊ ထိုကလေးသည် အငြင်းပွားမှုတွင် မပါသော ဝန်ဆောင်မှုများကိုရရှိရပါမည်။

**ဥပဒေအရ 'Due Process' ကြားနာခြင်းတွင် ကျွန်ုပ်ရရှိနိုင်သော လုပ်ပိုင်ခွင့်များကဘာတွေလဲ။**
သင့်တွင် အောက်ပါအချက်များလုပ်ပိုင်ခွင့်/အခွင့်အရေးများရရှိပါမည်-

၁။ ကလေးသူငယ်နစ်နာမှုနှင့်ပတ်သက်၍ အတွေ့အကြုံရှိသောတရားရုံးချုပ်ရှေ့နေ နှင့် အခြားကျွမ်းကျင်သူများပါလိုက်ပါပေးပြီး အကြံပေးပါမည်-

၂။ သက်သေများကိုသေချာစစ်ဆေးနိုင်ပြီးသက်သေခံများတက်ရောက်ခွင့်ကိုလည်းတောင်းဆိုနိုင်ပါသည်;

၃။ ကြားနာခြင်းမပြုလုပ်မီ ၅ ရက်အတွင်းမတင်ပြထားသောသက်သေများကို ကြားနာမှုပြုချိန်မှတင်ပြပါက ပိတ်ပင်ခွင့်ရှိပါသည်။-

၄။ ကြားနာချက်ကို စာရေးမှတ်တမ်း သို့မဟုတ် အီလက်ထရွန်နစ်ပစ္စည်းနှင့်မှတ်တမ်းထားသောဖိုင်ကိုတောင်းဆိုနိုင်ပါသည်-

၅။ ရှာဖွေတွေ့ရှိချက်များ နှင့် ကြားနာချက်တွင်ချမှတ်လိုက်သောဆုံးဖြတ်ချက်ကိုစာရေးမှတ်တမ်း သို့မဟုတ် အီလက်ထရွန်နစ်ပစ္စည်းနှင့်မှတ်တမ်းထားသောဖိုင်ကိုတောင်းဆိုနိုင်ပါသည်

ဥပဒေအရ ပြည်သူပိုင်ကိုယ်စားလှယ်အဖွဲ့တွင်လည်းဤလုပ်ပိုင်ခွင့်များရရှိကြောင်းသတိပြုပါ။

**'Due Process' ကြားနာမှုကို ဘယ်မှာပြုလုပ်မလဲ။**
'Due Process' ကြားနာမှုကို မိဘများအတွက်အဆင်ပြေမည့်အချိန်နှင့် နေရာတွင်ပြုလုပ်ပေးရပါမည်။

**'Due Process' ကြားနာမှုများ၏ အချိန်သတ်မှတ်မှုများမှာ ဘာတွေလဲ။**
Iowa ပညာရေးဌာန သည် ရက် ၃၀ အတွင်း အောက်ပါအချက်များကိုပြုလုပ်ပေးရပါမည်-

၁။ ကြားနာမှုတွင် အတည်ဖြစ်သည့် ဆုံးဖြတ်ချက်ချနိုင်ရပါမည်။

၂။ ထိုဆုံးဖြတ်ချက်၏ မိတ္တူကို ပါဝင်သူတိုင်းထံသို့ စာပို့ပေးရပါမည်။

ထိုရက် ၃၀ အချိန်သတ်မှတ်မှုကို ပါဝင်သူတစ်ဦးမှ တောင်းဆိုလျှင် ALJ မှ ရက်တိုးပေးနိုင်ပါသည်။

**'Due Process' ကြားနာခြင်းကိုတောင်းဆိုလျှင်လိုက်နာရမည့်အချိန်သတ်မှတ်ချက်ရှိပါသလား။** 'Due Process' ကြားနာချက်ကို တောင်းဆိုရသောအကြောင်းပြချက်ကို ဖြစ်ပေါ်စေသည့်လုပ်ရပ်အားသိနေပါက၊ သင် သို့မဟုတ် Regional Grantee သည်စသိပြီး ၂ နှစ်အတွင်းကြားနာချက်ကိုတောင်းဆိုရပါမည်။

**အထက်ပါအချိန်သတ်မှတ်ချက်တွင် ခြွင်းချက်များရှိပါသလား။**
အောက်ပါအချက်များကြောင့် 'Due Process' ကြားနာခြင်းတောင်းဆိုခွင့်ပိတ်သွားပါက၊ အချိန်သတ်မှတ်ချက်သည် သင့်အပေါ်သက်ရောက်မှုမရှိပါ-

၁။ Regional Grantee သည်အမိပွါယ်ကောက်ယူခြင်းလွဲသောကြောင့် ဖြစ်ပေါ်လာသောအမှုရှင်းသွားပြီးနားလည်မှုရသွားလျှင်

၂။ Regional Grantee သည်သင်သိထိုက်သောအချက်အလက်များကိုထိမ်ချန်ထားလျှင်

**အခြား 'Due Process' ကြားနာရန် တောင်းဆိုခွင့်ကိုတားမြစ်ထားပါသလား။**
လက်ရှိတိုင်ကြားထားသောအမှုအပြင် အခြားအမှုကိုထက်မံတိုင်ကြားခွင့်ရှိပါသည်။

**ALJ ၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်ပါသလား။**
ကြားနာမှုတွင် ချမှတ်သောအမိန့်သည် အတည်ဖြစ်ပါသည်၊ သို့သော် ထိုကြားနာမှုတွင်တက်ရောက်သောသူများတွင် အယူခံဝင်ခွင့်ရှိပါသည်။

**ALJ ၏ ဆုံးဖြတ်ချက်ကို မကျေနပ်ရင် ဘာလုပ်လို့ရလဲ။**
မည်သူမဆို 'Due Process' ကြားနာခြင်း နှင့်ပတ်သက်၍ 'civil action' ကိုပြုလုပ်ခွင့်ရှိပါသည်။ ထိုပြုလုပ်ပိုင်ခွင့်ကို မည်သည့်တရားရုံးတွင်မဆို လျှောက်ထားနိုင်ပါသည် (အငြင်းပွားဖွယ်ဖြစ်နေသောအခြေအနေနှင့်စပ်လျဥ်းမှုမရှိပဲ)။

**ALJ ၏ဆုံးဖြတ်ချက်ကို 'Civil Action' တိုင်တန်းရန် အချိန်ကန့်သတ်ချက်ရှိပါသလား။**
ALJ ၏ဆုံးဖြတ်ချက်ကိုသဘောမတူပါက၊ ဆုံးဖြတ်ချက်ချမှတ်လိုက်သောနေ့မှစပြီး ရက် ၉၀ အကြာအတွင်း 'Civil Action' တိုင်တန်းခွင့်ရှိပါသည်။

**'Due Process' ကြားနာခြင်းကိုဘယ်သူတွေသိပါသေးသလဲ။**
သင့်ကိုယ်ရေးကိုယ်တာအချက်အလက်များကိုဖျက်ပြီးသွားလျှင် Iowa ပညာရေးဌာန သည်-

၁။ တွေ့ရှိချက်များ နှင့် ဆုံးဖြတ်ချက်များကို အစောပိုင်း ACCESS အတွက် Iowa Council သို့ပို့ပေးပါမည်-

၂။ တွေ့ရှိချက်များ နှင့် ဆုံးဖြတ်ချက်များကို အများပြည်သူကြည့်နိုင်အောင်လုပ်ပေးပါမည်။

**မှတ်ချက်များ-**

**စံပြမော်ဒယ် ဖောင်လျှောက်လွှာ - ညှိနှိုင်းဖြေရှင်းမှု ကွန်ဖရန့်ဆွေးနွေးမှုအား တောင်းဆိုခြင်း**

| |
|---|
| ညှိနှိုင်းဖြေရှင်းမှု ကွန်ဖရန့်ဆွေးနွေးမှုအား သင် တောင်းဆိုလိုလျှင် ဤဖောင်လျှောက်လွှာအား အသုံးပြုပါ။ ထိုလုပ်ငန်းစဉ်အား *မိဘများအတွက် အစောပိုင်း ACCESS လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အန္တရာယ်ကာကွယ်တားဆီးမှုများ လက်ကိုင်စာအုပ် (အစောပိုင်း ကြားဝင်ဆောင်ရွက်မှုရှိ မိဘအုပ်ထိန်းသူဆိုင်ရာ အခွင့်အရေးများ)* ၏ စာမျက်နှာ 13 နှင့် 14 တွင် ရှင်းပြထားသည်။ ဤလျှောက်လွှာဖောင်အား ဖြည့်စွက်ပြီး နောက် မိတ္တူကော်ပီများအား အောက်ပါသို့ ပေးပို့ပါ-<br>(၁) ပါဝင်သည့် AEA(များ)၊ နှင့်<br>(၂) Iowa ပညာရေးဌာန၊ Grimes State Office Building, 400 E. 14th St., Des Moines, IA 50319-0146<br>ဤ ဖောင်လျှောက်လွှာအားပြီးပြည့်စုံစွာ ဖြည့်စွက်ပါ၊ အကယ်၍ လိုအပ်လျှင် စာရွက်၏ အပိုဆောင်း စာရွက်များအား အသုံးပြုပါ။ |

နေ့စွဲ -________________________ ကျွန်ုပ်ကလေးနှင့်ပတ်သက်ပြီး အစောပိုင်း ACCESS ညှိနှိုင်းဖြန်ဖြေမှု ကွန်ဖရန့်ဆွေးနွေးမှုအား တောင်းဆိုလိုသည်။

ကလေး၏နာမည် -______________________________________________ ကလေး၏ မွေးနေ့ -

သင့်ကလေးသည့်အခြားနာမည်အသုံးပြုပါသလား။___သုံး/မသုံး______________အသုံးပြုလျှင် နာမည်ဖော်ပြပါ။ ကလေး၏ လိပ်စာ

မြို့-________________________________ပြည်နယ်-____________________ZIP -________________

ကလေးသည်အိမ်ရာမဲ့ဖြစ်ပါသလား။ ____ဟုတ်/မဟုတ်_______သို့ပါက၊ ကလေးအတွက် ဆက်သွယ်အချက်အလက်အား ဖော်ပြပါ။__________

ကလေးနေထိုင်သော AEA -____________________________________________________________လိပ်စာ-

မြို့တော် -_________________________________________ပြည်နယ် -__________________________ZIP -

ကလေးတက်ရောက်သော AEA - လိပ်စာ-

မြို့တော် -________________________________ပြည်နယ် -____________________ZIP -_______________

ကျွန်ုပ်နာမည် -_______________________________________________________________ ကျွန်ုပ်လိပ်စာ-

မြို့တော် -_________________________________________ပြည်နယ် -__________________________ZIP-

တယ်လီဖုန်း-__________________________အီးမေးလ် (ရရှိနိုင်လျှင်)-__________________________ အခြားသောမိဘ၏

နာမည် -_______________________________________________________________________ လိပ်စာ-

မြို့တော်-_________________________________________ပြည်နယ် -__________________________ZIP-

တယ်လီဖုန်း-__________________________အီးမေးလ် (ရရှိနိုင်လျှင်)-__________________________

ပြဿနာ၏သဘောသဘာဝ -

ပြဿနာသို့ ဆက်သွယ်နေသည့် အမှုကိစ္စအချက်များ -

ပြဿနာသို့ ဖြေရှင်းရန် သင့်အဆိုပြုမှု -

မိဘထက်ဆိုင်လျှင် အခြားတစ်စုံတစ်ဦးမှ ဖောင်အား ဖြည့်စွက်ခဲ့ပါသလား။ __________ဟုတ်သည်/မဟုတ်ပါ___ ဟုတ်သည်ဆိုလျှင်၊ သင့်နာမည်၊ သင့်ဆက်သွယ်လိပ်စာ၊ နှင့် မိဘသို့တော်စပ်ပုံအား ကျေးဇူးပြုပြီး ဖော်ပြပါ - ________________________________________

____________________________________________________________________________________

ကလေးမိဘ သို့မဟုတ် အုပ်ထိန်းသူဖြစ်သော တစ်စုံတစ်ဦးအား ဤဖောင်တွင် စာရင်းမပြုထားခြင်း ရှိပါသလား။ ________ရှိသည်/မရှိပါ___ ရှိလျှင် ကျေးဇူးပြုပြီး ထိုပုဂ္ဂိုလ်၏ နာမည်၊ ဆက်သွယ်လိပ်စာနှင့် ကလေးသို့တော်စပ်ပုံအား ဖော်ပြပါ - ____________________________________

____________________________________________________________________________________

ဤစာမျက်နှာအား တမင် အလွတ်ချန်ထားခြင်းဖြစ်သည်။

## စံပြမော်ဒယ် ဖောင်လျှောက်လွှာ - IDEA ပြည်နယ် တိုင်ကြားချက်

IDEA ပြည်နယ် တိုင်ကြားချက်အား ဖိုင်တွဲတင် တိုင်ကြားလိုလျှင် ဤဖောင်လျှောက်လွှာအား အသုံးပြုပါ။ *ထိုလုပ်ငန်းစဉ်အား မိဘများအတွက် အစောပိုင်း ACCESS လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အန္တရာယ်ကာကွယ်တားဆီးမှုများ လက်ကိုင်စာအုပ် (အစောပိုင်း ကြားဝင်ဆောင်ရွက်မှုရှိ မိဘအုပ်ထိန်းသူဆိုင်ရာ အခွင့်ရေးများ) ၏* စာမျက်နှာ 15 နှင့် 16 တွင် ရှင်းပြထားသည်။ ဤလျှောက်လွှာဖောင်အား ဖြည့်စွက်ပြီးနောက် မိတ္တူကော်ပီများအား အောက်ပါသို့ ပေးပို့ပါ-
(၁) ပါဝင်သည့် AEA(များ)၊ နှင့်
(၂) Iowa ပညာရေးဌာန၊ Grimes State Office Building, 400 E. 14th St., Des Moines, IA 50319-0146
ဤ ဖောင်လျှောက်လွှာအားပြီးပြည့်စုံစွာ ဖြည့်စွက်ပါ၊ အကယ်၍ လိုအပ်လျှင် စာရွက်၏ အပိုဆောင်း စာရွက်များအား အသုံးပြုပါ။

နေ့စွဲ-____________________ ကျွန်ုပ်သည် IDEA ပြည်နယ် တိုင်ကြားချက်အား ဖိုင်တွဲတင်တိုင်ကြားနေခြင်းဖြစ်သည်။ Iowaပညာရေးဌာနမှ စုံစမ်းစစ်ဆေးမှုတစ်ခုအား ကျွန်ုပ်တောင်းဆိုပါသည်။ မသန်စွမ်းမှုရှိသည့် တစ်ဦးတစ်ယောက်ချင်းစီအတွက် ပညာရေး အတ်ဥပဒေ၏ အပိုင်း C လိုအပ်ချက် နှင့် ပြည်နယ်၊ဖယ်ဒရယ် ဥပဒေစည်းမျဉ်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအား လူထု အေဂျင်စီများမှ ချိုးဖောက်သည်ဟု ကျွန်ုပ်စွပ်စွဲလိုပါသည်။

ကျွန်ုပ်နာမည် - ____________________ **လက်မှတ် -** ____________________

ကျွနုပ်လိပ်စာ - ____________________

မြို့တော် - ____________________ ပြည်နယ် - ____________________ ZIP- __________

တယ်လီဖုန်း- ____________________ အီးမေးလ် (ရနိုင်လျှင်) - ____________________

ဤတိုင်ကြားချက်သည် တစ်စုံတစ်ဦးသော ကလေးနှင့်ပတ်သ ပါသလား။ ဟုတ်သည်/မဟုတ်ပါ ဟုတ်သည်ဆိုလျှင် ကျေးဇူးပြုပြီး ဖြည့်စွက်ပေးပါ-

ကလေး၏နာမည် - ____________________ ကလေး၏မွေးနေ့ - ____________________

ကလေးသည် အခြားသောနာမည်အား အသုံးပြုပါသလား။ သုံး/မသုံး သုံးသည်ဆိုလျှင် နာမည်ဖော်ပြပါ- ____________________

ကလေး၏လိပ်စာ - ____________________

မြို့တော် - ____________________ ပြည်နယ် - ____________________ ZIP - __________

ကလေးသည်အိမ်ရာမဲ့ဖြစ်သလား။ ဟုတ်/မဟုတ် ဟုတ်လျှင် ကလေးအား ဆက်သွယ်နိုင်သည့်လိပ်စာ ထောက်ပံ့ပေးပါ။ __________

ကလေးနေထိုင်သော AEA - ____________________

လိပ်စာ - ____________________

မြို့တော် - ____________________ ပြည်နယ် - ____________________ ZIP - __________

ကလေးတက်ရောက်သော AEA - ____________________

လိပ်စာ - ____________________

မြို့တော် - ____________________ ပြည်နယ် - ____________________ ZIP - __________

**မှတ်ချက်-** အကယ်၍ တိုင်ကြားချက်သည် ကလေးတစ်စုံတစ်ဦးနှင့်သက်ဆိုင်နေလျှင် မေးခွန်းများ 1-3 ဖြေကြားပေးပါ။ မဟုတ်လျှင်မူ မေးခွန်းများ 1-3 အား ထောက်ခံမှုမပြုပေ။

1. ပြဿနာ၏ သဘောသဘာဝ -

2. ပြဿနာသို့ဆက်နွယ်နေသော အမှုကိစ္စ၏ အချက်လက်များ -

3. ပြဿနာသို့ ဖြေရှင်းရန် သင့်အဆိုပြုမှု -

စွဲဆိုထားသည့် ချိုးဖောက်မှုသည် Iowa ပညာရေးဌာနမှ တိုင်ကြားချက်အား လက်ခံရရှိခဲ့သည့် နေ့စွဲသို့ မတိုင်မီ တစ်နှစ်ထက်ပိုသော အချိန်တွင် ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်ပါသလား။ ဟုတ်သည်/မဟုတ်ပါ

မိဘထက်ဆိုင်လျှင် အဖွဲ့စည်းကဲ့သို့သော အခြားတစ်စုံတစ်ဦးမှ ဤလျှောက်လွှာဖောင်အား ဖြည့်စွက်ခဲ့ခြင်းဖြစ်ပါသလား။ ဟုတ်သည်/မဟုတ်ပါ ဟုတ်လျှင်၊ အကယ်၍အထက်တွင်ဖော်ပြသည်နှင့်မတူပါက သင့်နာမည်၊ သင့်ဆက်သွယ်လိပ်စာ၊ နှင့် မိဘသို့တော်စပ်ပုံအား ကျေးဇူးပြုပြီး ဖော်ပြပါ - __________

____________________

ကလေးမိဘ သို့မဟုတ် အုပ်ထိန်းသူဖြစ်သော တစ်စုံတစ်ဦးအား ဤဖောင်တွင် စာရင်းမပြုထားခြင်း ရှိပါသလား။ ရှိသည်/မရှိပါ ရှိလျှင် ကျေးဇူးပြုပြီး ထိုပုဂ္ဂိုလ်၏ နာမည်၊ ဆက်သွယ်လိပ်စာနှင့် ကလေးသို့တော်စပ်ပုံအား ဖော်ပြပါ - ____________________

____________________

ဤစာမျက်နှာအား တမင် အလွတ်ချန်ထားခြင်းဖြစ်သည်။

**စံပြမော်ဒယ် ဖောင်လျှောက်လွှာ - တရားရုံးမျှတသောလုပ်ငန်းစဉ် တိုင်ကြားချက် (တရားရုံးမျှတသောလုပ်ငန်းစဉ် ကြားနာမှုအား တောင်းဆိုခြင်း)**

တရားရုံးမျှတသောလုပ်ငန်းစဉ် တိုင်ကြားချက်အား ဖိုင်တွဲတင်တိုင်ကြားပြီး တရားရုံးမျှတသောလုပ်ငန်းစဉ် ကြားနာခြင်းအား တောင်းဆိုလိုလျှင် ဤဖောင်လျှောက်လွှာအား အသုံးပြုပါ။ *ထိုလုပ်ငန်းစဉ်အား မိဘများအတွက် အစောပိုင်း ACCESS လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အန္တရာယ် ကာကွယ်တားဆီးမှုများ လက်ကိုင်စာအုပ် (အစောပိုင်း ကြားဝင်ဆောင်ရွက်မှုရှိ မိဘအုပ်ထိန်းသူဆိုင်ရာ အခွင့်အရေးများ)* ၏ စာမျက်နှာ 17 မှ 19 တွင် ရှင်းပြထားသည်။ ဤလျှောက်လွှာဖောင်အား ဖြည့်စွက်ပြီးနောက် မိတ္တူကော်ပီများအား အောက်ပါသို့ ပေးပို့ပါ-
(၁) ပါဝင်သည့် AEA(များ)၊ နှင့်
(၂) Iowa ပညာရေးဌာန၊ Grimes State Office Building, 400 E. 14th St., Des Moines, IA 50319-0146
ဤ ဖောင်လျှောက်လွှာအား ပြီးပြည့်စုံစွာ ဖြည့်စွက်ပါ၊ အကယ်၍ လိုအပ်လျှင် စာရွက်၏ အပိုဆောင်း စာရွက်များအား အသုံးပြုပါ။

နေ့စွဲ - __________ ကျွန်ုပ်ကလေးနှင့်ပတ်သက်ပြီး တရားရုံးမျှတသောလုပ်ငန်းစဉ် တိုင်ကြားချက်အား ကျွန်ုပ် ဖိုင်တွဲတင်တိုင်ကြားနေခြင်းဖြစ်သည်။ Iowa ပညာရေးဌာနမှ ခန့်အပ်သည့် စီမံအုပ်ချုပ်မှုဆိုင်ရာ ဥပဒေ တရားသူကြီးရှေ့မှောက်တွင် တရားရုံးမျှတသောလုပ်ငန်းစဉ် ကြားနာခြင်းအား ကျွန်ုပ် တောင်းဆိုပါသည်။

ကလေး၏နာမည် - __________ ကလေး၏မွေးနေ့ - __________

ကလေးသည် အခြားသောနာမည်အား အသုံးပြုပါသလား။ သုံး/မသုံး သုံးသည်ဆိုလျှင် နာမည်ဖော်ပြပါ- __________

ကလေး၏လိပ်စာ - __________

မြို့တော် - __________ ပြည်နယ် - __________ ZIP - __________

ကလေးသည်အိမ်ရာမဲ့ဖြစ်သလား။ ဟုတ်/မဟုတ် ဟုတ်လျှင် ကလေးအား ဆက်သွယ်နိုင်သည့်လိပ်စာ ထောက်ပံ့ပေးပါ။ __________

ကလေးနေထိုင်သော AEA - __________

လိပ်စာ - __________

မြို့တော် - __________ ပြည်နယ် - __________ ZIP - __________

ကလေးတက်ရောက်သော AEA - __________

လိပ်စာ - __________

မြို့တော် - __________ ပြည်နယ် - __________ ZIP - __________

ကျွန်ုပ်နာမည် - __________ ကျွန်ုပ်လိပ်စာ-

မြို့တော် - __________ ပြည်နယ် - __________ ZIP-

တယ်လီဖုန်း- __________ အီးမေးလ် (ရရှိနိုင်လျှင်)- __________ အခြားသောမိဘ၏

နာမည် - __________ လိပ်စာ-

မြို့တော် - __________ ပြည်နယ် - __________ ZIP-

တယ်လီဖုန်း- __________ အီးမေးလ် (ရရှိနိုင်လျှင်)- __________

ပြဿနာ၏သဘောသဘာဝ -

ပြဿနာသို့ ဆက်သွယ်နေသည့် အမှုကိစ္စအချက်များ -

ပြဿနာသို့ ဖြေရှင်းရန် သင့်အဆိုပြုမှု -

မိဘထက်ဆိုင်လျှင် အခြားတစ်စုံတစ်ဦးမှ ဖောင်အား ဖြည့်စွက်ခဲ့ပါသလား။ ဟုတ်သည်/မဟုတ်ပါ ဟုတ်သည်ဆိုလျှင်၊ သင့်နာမည်၊ သင့်ဆက်သွယ်လိပ်စာ၊ နှင့် မိဘသို့တော်စပ်ပုံအား ကျေးဇူးပြုပြီး ဖော်ပြပါ - __________

__________

ကလေးမိဘ သို့မဟုတ် အုပ်ထိန်းသူဖြစ်သော တစ်စုံတစ်ဦးအား ဤဖောင်တွင် စာရင်းမပြုထားခြင်း ရှိပါသလား။ ရှိသည်/မရှိပါ ရှိလျှင် ကျေးဇူးပြုပြီး ထိုပုဂ္ဂိုလ်၏ နာမည်၊ ဆက်သွယ်လိပ်စာနှင့် ကလေးသို့တော်စပ်ပုံအား ဖော်ပြပါ - __________

__________

ဤစာမျက်နှာအား တမင် အလွတ်ချန်ထားခြင်းဖြစ်သည်။

**IMPORTANT NOTICE TO PARENTS**: Federal law requires that this **မိဘများသို့ အရေးကြီး သတိပေးချက်-**
ဖယ်ဒရယ်ဥပဒေအရ အစောပိုင်း ACCESS အား မည်သို့ ငွေကြေးစီမံမှုပြုကြောင်း အချက်အလက်များအား အစောပိုင်း ACCESS မှ လူထု သို့မဟုတ် ပုဂ္ဂလိက အာမခံအား အသုံးပြုရန် ရှာဖွေသည့်အချိန်တိုင်းတွင် မိသားစုများထံသို့ ထောက်ပံ့ပေးရန် လိုအပ်သည်။.

**Iowa ပညာရေးဌာန၊ ဦးဆောင်အေဂျင်စီ**
**အစောပိုင်း ကြားဝင်ဆောင်ရွက်မှု ဝန်ဆောင်မှုများ၏ အစောပိုင်း ACCESS ပေါင်းစပ်ထားသည့် စနစ်**
**(မသန်စွမ်းမှုများရှိသည့် တစ်ဦးတစ်ယောက်ချင်းစီအတွက် ပညာရေးဆိုင်ရာ အတ်ဥပဒေ၏ အပိုင်း C )**

**ပေးချေမှု မူဝါဒပေါ်လစီများ စနစ်၊ ပြန်လည်ပြုပြင်ထားသည့်အရ**
**မတ်လ ၂၉ ၊ ၂၀၁၂ တွင် မွေးစားကျင့်သုံးခဲ့ပြီး ဧပြီလ ၂၈၊ ၂၀၁၂ တွင် ထုတ်ပြန်ခဲ့သည်**
**နည်းပညာပိုင်းဆိုင်ရာ လိုက်နာခြင်း ပြုပြင် ပြင်ဆင်မှု၊ ဇွန်လ ၂၀၁၃**

Iowa ပညာရေးဌာနသည် မကြားသေးမီကမှ စီမံအုပ်ချုပ်မှုဆိုင်ရာ စည်းမျဉ်းများအရ အသစ်မွမ်းမံထားသည့်၊ ဇန်နဝါရီလ ၂၆၊ ၂၀၁၂ တွင် Iowa ပြည်နယ် ပညာရေးဘုတ်အဖွဲ့မှ သတိပေးထားပြီး မတ်လ ၂၉ ၊ ၂၀၁၂ တွင် မွေးစားကျင့်သုံးခဲ့သော အောက်ပါ ပေးချေမှု မူဝါဒပေါ်လစီအား မွေးစားကျင့်သုံးခဲ့သည်။

## I. အစောပိုင်း ACCESS ဝန်ဆောင်မှုများသည် "အခမဲ့" ဖြစ်ပေမည်။

Iowa သည် "မွေးဖွားမှုဆိုင်ရာ တရားဝင်အမိန့်ပေးမှု" ("FAPE တရားဝင်အမိန့်ပေးမှု" ဟုလည်း လူသိများသည့်) ပြည်နယ်တစ်ခု ဖြစ်သည်။ Iowa ကုဒ် § 256B.2 (2011) အား ကြည့်ရှုပါ။ Iowa သည် အထူးပညာရေးလိုအပ်ချက်များရှိသော အသက် နှစ်ဆယ့်တစ်နှစ်အောက် မသန်စွမ်းမှုရှိသည့် ကလေးများထံသို့ "အခမဲ့နှင့် သင့်တော်ရာ လူထု ပညာရေး" ("FAPE") အား ကမ်းလှမ်းပေးသည်။ Id. § 256B.2(3) ။

> ထိုအကြောင်းအရင်းအတွက်ကြောင့် ဌာနမှ Iowa ကုဒ် အခန်း 256B လက်အောက် ကလေးတစ်ဦး၏ FAPE တစ်စိတ်တစ်ပိုင်း ဖြစ်သော ဤအပိုင်းလက်အောက်ရှိ ဝန်ဆောင်မှု မှန်သမျှအတွက် မိဘများအား ကုန်ကျစရိတ် ကောက်ခံမှုမရှိကြောင်း သေချာစေသည်။

## II. ဌာန သို့မဟုတ် ၎င်း၏ လွှဲပြောင်းပေးအပ်မှု ရရှိသူသည် လူမှုဖူလုံရေး အတ်ဥပဒေ ("Medicaid") ၏ ခေါင်းစဉ် XIX လက်အောက်ရှိ မိသားစု လူထုအာမခံ သို့မဟုတ် အကျိုးအမြတ်ခံစားခွင့်များအား အသုံးပြုရန် ရှာဖွေကောင်း ရှာဖွေပေမည်။

အစောပိုင်း ACCESS ဒေသ လွှဲပြောင်းပေးအပ်မှုရရှိသူများနှင့် အခြားသော ထောက်ပံ့သူများသည် မိသားစု၏ Medicaid အကျုံးဝင်မှုအား ဝင်ရောက်ရရှိရန် ရှာဖွေကောင်း ရှာဖွေပေမည်။ အစောပိုင်း ACCESS ထောက်ပံ့သူများသည် အစောပိုင်း ACCESS ဝန်ဆောင်မှုများ လက်ခံရရှိခြင်း၏ အခြေနေတစ်ခုအဖြစ်ဖြင့် လူထုအကျိုးအမြတ်ခံစားခွင့်များ သို့မဟုတ် အာမခံအတွက် စာရင်းသွင်းရန် သို့မဟုတ် ဝင်ရောက်ရန် မိဘဖြစ်သူအား လိုအပ်လိမ့်မည်မဟုတ်ဘဲ၊ မိဘဖြစ်သူ၏ သို့မဟုတ် ကလေး၏ လူထု အာမခံ သို့မဟုတ် အကျိုးအမြတ် ခံစားခွင့်များအား အသုံးပြုခြင်းမပြုမီ အကယ်၍ ထိုကလေးသို့မဟုတ် မိဘဖြစ်သူသည် ထိုသို့သော အစီအစဉ် ပရိုဂရမ်တွင် စာရင်းသွင်းခြင်း မပြုရသေးလျှင်မှ သဘောတူခွင့်ပြုချက်အား ရရှိရပေမည်။.

*Medicaid ပြန်လည်ငွေပြန်အမ်းခြင်း၏ ဘာဘောသဘာဝနှင့် ပမာဏ။* အကျုံးဝင်သည့် အကျိုးအမြတ်ခံစားခွင့်များသည် ထောက်ပံ့သူအား တစ်စုံတစ်ရာသော အစောပိုင်း ACCESS ဝန်ဆောင်မှုများ၏ ကုန်ကျစရိတ်အတွက် ပြန်လည်ငွေပြန်အမ်းပေးသည်။ Iowa လူသားဝန်ဆောင်မှုများဌာနမှ ပေးချေမှုများ၏ ပမာဏ နှင့် အကျုံးဝင်သော ဝန်ဆောင်မှုများ အား ဆုံးဖြတ်ပေးသည်။ ပေးချေမှုသည် အကျုံးဝင်သောဝန်ဆောင်မှုအား ထောက်ပံ့ပေးခြင်း၏ အမှန်တကယ် ကုန်ကျသော ထောက်ပံ့သူ၏ စရိတ်ထက် ကျော်လွန်ရမည်မဟုတ်ပေ။

*ပေးခြေမှုများ စနစ်အရ ဆောင်ရွက်ချက်များ သို့မဟုတ် ဝန်ဆောင်မှုများ။* လူသားဝန်ဆောင်မှုများဌာန သတ်မှတ်ချက်အရ Medicaid လက်အောက်ရှိ ပြန်လည်ငွေပြန်အမ်းပေးမှုသည် "ဆေးဘက်ဆိုင်ရာအရ လိုအပ်သော အော်ဒီယိုအသံပိုင်းဆိုင်ရာ၊ ဖွံ့ဖြိုးမှုဆိုင်ရာ ဝန်ဆောင်မှုများ၊ ကျန်းမာရေးနှင့် သူနာပြုစောင့်ရှောက်မှု ဝန်ဆောင်မှုများ၊ ဆေးဘက်ဆိုင်ရာ ပို့ဆောင်ဆက်သွယ်ရေး ဝန်ဆောင်မှုများ၊ အာဟာရဆိုင်ရာ ဝန်ဆောင်မှုများ၊ လုပ်ငန်းဆိုင်ရာ ကုထုံးသရဖီ ဝန်ဆောင်မှုများ၊ ရုပ်ပိုင်းဆိုင်ရာ ကုထုံးသရဖီဝန်ဆောင်မှုများ၊

စိတ်ပိုင်းဆိုင်ရာ အကဲဖြတ်လေ့လာမှုနှင့် အကြံပေးဆွေးနွေးခြင်း၊ လူမှုရေးလုပ်ငန်း၊ အပြောဘာသာစကားဆိုင်ရာ ဝန်ဆောင်မှုများ၊ အမြင်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ၊ နှင့် ဝန်ဆောင်မှု စီမံဆောင်ရွက်မှု သို့မဟုတ် အမှုကိစ္စ စီမံခန့်ခွဲမှု ဝန်ဆောင်မှုများ အတွက် ပြုလုပ်ပေးပေလိမ့်မည်။" Medicaid အားဖြင့် အကျုံးဝင်ရန်နှင့် ပြန်လည်ငွေပြန်အမ်းပေးမှုရရှိနိုင်ရန် ထိုဝန်ဆောင်မှုသည် ကလေး၏ တစ်ဦးတစ်ယောက်ချင်းစီအလိုက် မိသားစု ဝန်ဆောင်မှု အစီအစဉ် ("IFSP") အတွင်းရှိ ဝန်ဆောင်မှုတွင် စာရင်းပြုပါဝင်ရမည်၊ သို့မဟုတ် ချိတ်ဆက်နေရမည်ဖြစ်သည်။

Medicaid ကဲ့သို့သော လူထုအကျိုးအမြတ်ခံစားခွင့်များ သို့မဟုတ် အာမခံအား ရရှိဝင်ရောက်နိုင်ရန် ထောက်ပံ့သူသည် မိဘဖြစ်သူထံသို့ နောက်ဆက်တွဲ A တွင် ပူးတွဲပါဝင်သည့် တစ်ခုသို့ လက်ဆုပ်လက်ကိုင် တူညီသော သတိပေးချက်တစ်ခုကို ထောက်ပံ့ပေးရမည်ဖြစ်ပြီး နောက်ဆက်တွဲ B တွင် ပူးတွဲပါဝင်သည့် "စရိတ်မရှိ" ထောက်ပံ့မှုများဖြင့် ကိုက်ညီရမည်ဖြစ်သည်။

Medicaid လက်အောက်တွင် အာမခံကြိုတင်ပေးချေမှုများ သို့မဟုတ် နုတ်လျော့ဖြတ်တောက်မှု မှန်သမျှအား ပေးချေရန် ဌာနသည် မိဘဖြစ်သူများအား မလိုအပ်ပေ။ လူမှုဖူလုံရေးအတ်ဥပဒေ၏ ခေါင်းစဉ် XIX အား အကောင်ထည်ဖော်ဆောင်ရွက်သည့် ၎င်း၏ စည်းမျဉ်းများဖြင့် အညီ လူသားဝန်ဆောင်မှုများဌာနသည် ဝန်ဆောင်မှုအတွက် ၎င်းမှ Medicaid ပြန်လည်ငွေပြန်အမ်းပေးမှု အား ထောက်ပံ့ပေးသည့်အချိန်တိုင်းတွင် ရရှိနိုင်သော ပုဂ္ဂလိကအာမခံမှန်သမျှကို အသုံးပြုရန် လိုအပ်ပေလိမ့်မည်။ ထိုမူဝါဒပေါ်လစီ သည် နောက်ဆက်တွဲ A နှင့် နောက်ထပ်တစ်ပိုင်းတွင် ပူးတွဲပါဝင်သည့် သတိပေးချက်တွင် ပါဝင်ပေသည်။

အကယ်၍ မိဘဖြစ်သူသည် Medicaid အသုံးပြုခြင်း၊ သို့မဟုတ် Medicaid ငွေကြေးပြေစာတောင်းခံခြင်းရည်ရွယ်ချက်များအတွက် လူသားဝန်ဆောင်မှုများဌာနဖြင့် ပုဂ္ဂိုလ်ရေးရာဖော်ထုတ်မှုပြုနိုင်သော အချက်အလက်များအား မျှဝေခြင်း စသည်တို့အား သဘောတူခွင့် ပြုချက် မပေးလျှင် ဌာနနှင့် အစောပိုင်း ACCESS ထောက်ပံ့သူများသည် ရရှိနိုင်သော Medicaid အကျိုးအမြတ်ခံစားခွင့်များအား အသုံးပြုလိမ့်မည် မဟုတ်ပေ။

အကယ်၍ မိဘဖြစ်သူသည် Medicaid အသုံးပြုခြင်း၊ သို့မဟုတ် Medicaid ငွေကြေးပြေစာတောင်းခံခြင်းရည်ရွယ်ချက်များအတွက် လူသားဝန်ဆောင်မှုများဌာနဖြင့် ပုဂ္ဂိုလ်ရေးရာဖော်ထုတ်မှုပြုနိုင်သော အချက်အလက်များအား မျှဝေခြင်း စသည်တို့အား သဘောတူခွင့် ပြုချက် မပေးလျှင်ပင် ဌာနနှင့် အစောပိုင်း ACCESS ထောက်ပံ့သူများသည် မိဘဖြစ်သူမှ သဘောတူညီချက် ပေးခဲ့သည့် IFSP ဝန်ဆောင်မှုများအားလုံးအား ဆက်လက် ထောက်ပံ့ပေးဆဲဖြစ်သည်။

## III. လူသားဝန်ဆောင်မှုများဌာနသည် လူမှုဖူလုံရေး အတ်ဥပဒေ ("Medicaid") ၏ ခေါင်းစဉ် XIX လက်အောက်တွင် အဆိုပြု တောင်းဆိုမှုအား ၎င်းမှ ပေးခြေသည့်အချိန်တိုင်းတွင် ရရှိနိုင်သော ပုဂ္ဂလ ကျန်းမာရေးအာမခံ အကျုံးဝင်မှုမှ ပြန်လည်ငွေပြန်အမ်းပေးမှုကို ရှာဖွေပေလိမ့်မည်။

လူမှုဖူလုံရေး အတ်ဥပဒေ ("Medicaid") ၏ ခေါင်းစဉ် XIX လက်အောက်အရ လူသားဝန်ဆောင်မှုများဌာနသည် ၎င်းမှ Medicaid အဆိုပြု တောင်းဆိုချက်များအား ပေးခြေရသည့် အချိန်တိုင်းတွင် ရရှိနိုင်သော ပုဂ္ဂလိက အာမခံ မူဝါဒပေါ်လစီများ သို့မဟုတ် အကျုံးဝင်မှုမှ ပြန် လည်ငွေပြန်အမ်းပေးမှုကို ရှာဖွေရန် လိုအပ်သည်။

ဌာန သို့မဟုတ် အစောပိုင်း ACCESS ထောက်ပံသူမှ ကလေး၏ သို့မဟုတ် မိဘ၏ Medicaid အကျုံးဝင်မှုအား အသုံးပြုရန်နှင့် မိဘ သို့မဟုတ် ကလေးထံတွင် ရရှိနိုင်သော ပုဂ္ဂလ ကျန်းမာရေးအာမခံ အကျုံးဝင်မှုရှိသည့် အချိန်တိုင်းတွင် ဌာန သို့မဟုတ် အစောပိုင်း ACCESSဝန်ဆောင်မှုထောက်ပံ့သူမှ အောက်တွင်ဖော်ပြထားသည့် ပုဂ္ဂလအာမခံအား ဝင်ရောက်ရရှိနိုင်ရန် မိဘအုပ်ထိန်းသူဆိုင်ရာ သဘောတူခွင့်ပြုချက်အား ရှာဖွေပေလိမ့်မည်။

*ပုဂ္ဂလအာမခံ အကျုံးဝင်မှု၏ သဘောသဘာဝနှင့် ပမာဏ။* အကျုံးဝင်သော

အကယ်၍ မိဘဖြစ်သူထံတွင် မိဘ၏ သို့မဟုတ် ကလေး၏ ပုဂ္ဂလအာမခံအကျုံးဝင်မှု

အကျိုးအမြတ်ခံစားခွင့်များသည် Medicaid ပေးချေမှုများအတွက် လူသားဝန်ဆောင်မှုများဌာနသို့ ပြန်လည်ငွေပြန်အမ်းပေးပေမည်။ ပုဂ္ဂလအာမခံ သယ်ဆောင်သူမှ ပေးချေမှုများ၏ ပမာဏနှင့် အကျုံးဝင်သောဝန်ဆောင်မှုများအား ဆုံးဖြတ်ပေမည်။ ပေးချေမှုသည် အကျုံးဝင်သောဝန်ဆောင်မှု ထောက်ပံ့ပေးခြင်း၏ ထောက်ပံ့သူ အမှန်တကယ်ပေးချေရသော ကုန်ကျစရိတ်ထက် ကျော်လွန်ရမည် မဟုတ်ပေ။

*ပေးချေမှုများစနစ်အရ ဆောင်ရွက်ချက်များ သို့မဟုတ် ဝန်ဆောင်မှုများ။* ပုဂ္ဂလိကအာမခံမှ ပေးချေမှုအရ ဆောင်ရွက်ချက်များ သို့မဟုတ် ဝန်ဆောင်မှုများသည် အပိုင်း II (အထက်ပါ) ရှိ "ဆောင်ရွက်ချက်များ သို့မဟုတ် ဝန်ဆောင်မှုများ" စံသတ်မှတ်ချက်ဖြင့် ကိုက်ညီရမည်ဖြစ်ပြီး၊ သက်ဆိုင်ရာ ပုဂ္ဂလအာမခံပေါ်လစီမူဝါဒလက်အောက်တွင် အကျုံးဝင်သော ဝန်ဆောင်မှု ဖြစ်ရပေမည်။ ပုဂ္ဂလိကအာမခံ သယ်ဆောင်သူအနေဖြင့် တစ်စုံတစ်ရာသော အစောပိုင်း ACCESS ဝန်ဆောင်မှုသည် ရေးသားထားသည့် မူဝါဒပေါ်လစီ လက်အောက်ရှိ အကျုံးဝင်သော ဝန်ဆောင်မှု ဟုတ်၊မဟုတ်အား ဆုံးဖြတ်ပေမည်။

ပုဂ္ဂလအာမခံအကျုံးဝင်မှုအား အသုံးပြုရန် မိဘအုပ်ထိန်းသူဆိုင်ရာ သဘောတူခွင့်ပြုချက်အား အောက်ပါအမှုကိစ္စရပ်များတွင် လက်ခံရရှိရပေမည်-

- လူထုအေဂျင်စီ သို့မဟုတ် အစောပိုင်း ACCESS ထောက်ပံ့သူမှ IFSP ရှိ အစောပိုင်း ACCESS ဝန်ဆောင်မှုတစ်ခု၏ ကနဦး ထောက်ပံ့မှုအတွက် ပေးခြေရန် မိဘဖြစ်သူ သို့မဟုတ် ကလေး၏ ပုဂ္ဂလအာမခံ သို့မဟုတ် အကျိုးအမြတ်ခံစားခွင့်များအား အသုံးပြုရန် ရှာဖွေချိန်တွင်၊ နှင့်
- ကလေး၏ IFSP ရှိ ဝန်ဆောင်မှုများ၏ ထောက်ပံ့မှုတွင်ရှိသော တိုးမြင့်မှု (ကြိမ်နှုန်း၊ အလျား၊ ကြာချိန်၊ သို့မဟုတ် ပြင်းအား) အတွက်ကြောင့် အစောပိုင်း ACCESS စည်းမျဉ်း 281-120. 420(1) လက်အောက်တွင် ဝန်ဆောင်မှုများအတွက် အကြိမ်တိုင်း သဘောတူခွင့်ပြုချက်အား လိုအပ်ပေသည်။

အစောပိုင်း ACCESS ဝန်ဆောင်မှုများ (အာမခံကြိုတင်ပေးချေမှုများ၊ ပရီမီယံကြေးများ၊ ပရီမီယံတိုးမြင့်မှုများ၊ သို့မဟုတ် နုတ်ယူ ဖြတ်တောက်မှုများ ကဲ့သို့သော) အတွက် ပေးချေရန် ပုဂ္ဂလအာမခံအား ပြည်နယ်၏အသုံးပြုမှု ရလဒ်အဖြစ်ဖြင့် မိဘဖြစ်သူမှ ကျသင့်မည်ဖြစ်သော ကုန်ကျစရိတ်များ မှန်သမျှအတွက် ပေးချေပေးရန် ဌာနသည် မိဘဖြစ်သူအား မလိုအပ်ပေ။ မိဘအုပ်ထိန်းသူဆိုင်ရာ တောင်းဆိုမှုအပေါ်တွင် ထိုအသုံးစရိတ်ကုန်ကျမှုများအတွက် သင့်တော်ရာ လူထုအေဂျင်စီသည် မိဘများထံ ပြန်လည်ငွေ ပြန်အမ်း ပေးပေမည်။

ပုဂ္ဂလိကအာမခံ သို့မဟုတ် အကျိုးအမြတ်ခံစားခွင့်များအား အသုံးပြုမှု၊ သို့မှမဟုတ် ကလေး၏ သို့မဟုတ် မိဘဖြစ်သူ၏ ပုဂ္ဂလိကအာမခံ ပေါ်လစီမူဝါဒလက်အောက်ရှိ အကျိုးအမြတ်ခံစားခွင့်များအား အစောပိုင်း ACCESS ဝန်ဆောင်မှုအတွက်ပေးချေရန် အသုံးပြုခြင်း စသည်တို့အတွက် လိုအပ်သော သဘောတူခွင့်ပြုချက်အား လက်ခံရရှိချိန်တွင် ပြည်နယ်မှ မိဘဖြစ်သူထံသို့ ဌာန၏ ပေးချေမှု မူဝါဒပေါ်လစီများ၏ စနစ် မိတ္တူကော်ပီအား ထောက်ပံ့ပေးပေမည်။ ဤသည်တို့မှာ မိဘဖြစ်သူ၏ ပုဂ္ဂလိကအာမခံအား အစောပိုင်း ACCESS ဝန်ဆောင်မှုများအတွက်ပေးချေရန် အသုံးပြုချိန်တွင် မိဘဖြစ်သူမှ ကျသင့်ကောင်းကျသင့်မည်ဖြစ်သော ဖြစ်နိုင်ချေရှိသည့် ကုန်ကျစရိတ်များဖြစ်ပေသည် -

- အာမခံကြိုတင်ပေးခြေမှုများ၊ ပရီမီယံတိုးမြင့်မှုများ၊ သို့မဟုတ် နှုတ်ယူဖြတ်တောက်နိုင်မှုများ (ဖော်ပြပါအားလုံးအား ပြန်လည်ငွေပြန်အမ်းခြင်းခံရပေမည်)၊ နှင့်
- အာမခံပေါ်လစီလက်အောက် နှစ်စဉ် သို့မဟုတ် တစ်သက်တာ ကျန်းမာရေးအာမခံ အကျုံးဝင်မှု ကပ်စ်များအတွက်ကြောင့် အကျိုးအမြတ်ခံစားခွင့်အား ဆုံးရှုံးမှု ကဲ့သို့သော အခြား ရေရှည် ကုန်ကျစရိတ်များ။

အကယ်၍ မိဘဖြစ်သူထံတွင် ပုဂ္ဂလအာမခံအကျုံးဝင်မှုနှင့်ပတ်သက်ပြီး မေးခွန်းများရှိလျှင် မိဘဖြစ်သူမှ ပုဂ္ဂလိက ကျန်းမာရေးအာမခံ ထောက်ပံ့ပေးသူထံသို့ ဆက်သွယ်နိုင်သည်။ ဝန်ဆောင်မှု စီမံဆောင်ရွက်ပေးသူသည် ထိုအပြန်အလှန်ပြောဆိုဆွေးနွေးမှု အဆင်ပြေချောမွေ့စေရာတွက် အထောက်အကူ ပေးကောင်းပေးပေမည်၊

Medicaid [illegible] အစောပိုင်း ACCESS ဝန်ဆောင်မှုထောက်ပံ့ပေးသူသည် Medicaid ပြန်လည်ငွေပြန်အမ်းပေးမှု အတွက် တောင်းဆိုချက်အား ဖိုင်တွဲတင် လိမ့်မည်မဟုတ်ပေ။

အကယ်၍ Medicaid အဆိုပြုတောင်းဆိုမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် မိဘ၏ သို့မဟုတ် ကလေး၏ ပုဂ္ဂလအာမခံအား အသုံးပြုရန် သဘောတူခွင့်ပြုချက်အား မိဘဖြစ်သူမှ ဆိုင်းငံ့ထားလျှင်ပင် အေဂျင်စီသည် မိဘဖြစ်သူမှ သဘောတူညီပြီးဖြစ်သော IFSP ပေါ်ရှိ အစောပိုင်း ACCESS ဝန်ဆောင်မှုများအား ဆက်လက်ရရှိစေရစေမည်ဖြစ်သည်။

## IV. ဌာန နှင့် ၎င်း၏ လွှဲပြောင်းပေးအပ်မှု ရရှိသူသည် လူမှုဖူလုံရေး အတ်ဥပဒေ ("Medicaid") ၏ ခေါင်းစဉ် XIX လက်အောက်ရှိ အဆိုပြုတောင်းဆိုချက်ဖြင့် ဆက်စပ်ခြင်းမရှိချိန်တွင် ပုဂ္ဂလ ကျန်းမာရေးအာမခံ အကျုံးဝင်မှုအား ထောက်ပံ့ပေးရန် လက်ခံရရှိမှုအား ရှာဖွေခြင်းမပြုပေ။

ဌာန၏ စီမံအုပ်ချုပ်မှုဆိုင်ရာ စည်းမျဉ်းများအား အားလုံးသောဥပမာကိစ္စရပ်များရှိ ပုဂ္ဂလ ကျန်းမာရေးအာမခံသို့ ဝင်ရောက်ရရှိခွင့်အား တောင်းဆိုရန် လူထုအေဂျင်စီများသို့ ခွင့်ပြုရန်အလို့ငှာ ရေးသားထားခြင်းဖြစ်သော်လည်း ၎င်းသည် အစောပိုင်း ACCESS ဝန်ဆောင်မှုများအတွက် ပေးချေရန် Medicaid အဆိုပြုတောင်းဆိုချက်များဖြင့် ပုဂ္ဂလအာမခံ အာမခံမှ သက်ဆိုင်ခြင်း မရှိချိန်တွင် ပုဂ္ဂလအာမခံ အကျုံးဝင်မှုသို့ ဝင်ရောက်ရရှိခွင့်ကိုရှာဖွေရန် Iowa ပြည်နယ်၏ လက်ရှိပေါ်လစီ သို့မဟုတ် အကျင့်ဆောင်ရွက်မှုမဟုတ်ပေ။ ပေါ်လစီမူဝါဒသို့ အဆိုပြုထားသည့် ပြောင်းလဲမှု မရှိသေးပေ။

ဌာနမှ 34 C.F.R. § 303.520(b)(2) ဖြင့်ပူးပေါင်းထားသည့် စည်းမျဉ်းများအား မွေးစားကျင့်သုံးချိန်တွင် ဌာနသည် ထိုရွေးချယ်မှုအား ကျင့်သုံးနိုင်ခြင်းမရှိပေ၊ အဘယ့်ကြောင့်ဆိုသော် ထိုစည်းမျဉ်းမှလိုအပ်သည့် ပြဌာန်းဥပဒေအား ဖြတ်ကျော်ခွင့်ပြုပေးခြင်း မရှိသေးသောကြောင့်ဖြစ်သည်။

## V. အခြားသော ကိစ္စရပ်များ - Iowa ပေးချေမှုများ၏ အစောပိုင်း ACCESS စနစ်

ဌာနသည် စီမံအုပ်ချုပ်မှုဆိုင်ရာစည်းမျဉ်းအရ "နောက်ဆုံးသော ပေးခြေသူ" မူဝါဒပေါ်လစီအား ကျင့်သုံးခဲ့သည်။ ထိုစည်းမျဉ်းသည် နောက်ဆက်တွဲ C တွင် ရှိသည်။

ဤမူဝါဒပေါ်လစီနှင့် ၎င်းအကောင်အထည်ဖော်ဆောင်ရွက်သည့် စီမံအုပ်ချုပ်မှုဆိုင်ရာ စည်းမျဉ်းများသည် 34 C.F.R. § 303.521 နှင့်အညီ လိုက်နာဆောင်ရွက်ရန် ရည်ရွယ်ထားသည်။

ဤပေါ်လစီသည် အပိုင်း II နှင့် III ရှိ Iowa ၏ ပေးချေမှုများစနစ်အရ ဆောင်ရွက်ချက်များ သို့မဟုတ် ဝန်ဆောင်မှုများ၊ ထို့ပြင် ပြန်လည်ငွေပြန်အမ်းပေးမှုပမာဏအား တွက်ချက်သည့် အပြုအမူ (ထိုဝန်ဆောင်မှုများထောက်ပံ့ခြင်း၏ အမှန်တကယ် ကုန်ကျစရိတ်ထက် မကျော်လွန်ရ ပေ) စသည်တို့အား ရှင်းလင်းဖော်ပြသည်။

ဤမူဝါဒပေါ်လစီ၏ အပိုင်း I ကြောင့် ပေးချေရန် စွမ်းဆောင်နိုင်မှု သို့မဟုတ် စွမ်းဆောင်နိုင်ခြင်းမရှိမှုသည် Iowa ပေးချေမှုများ စနစ်၏ တစ်စိတ်တစ်ပိုင်း မဟုတ်ပေ။ အလွန်ဆုံးအနေဖြင့် Medicaid စံသတ်မှတ်ထားသည့်နှင့်ကိုက်ညီနိုင်စွမ်းသည် ဝင်ငွေ သို့မဟုတ် ပိုင်ဆိုင်မှု ကန့်သတ်ချက်များ အပေါ်တွင် မူတည်ပေသည်၊ Iowa လူသားဝန်ဆောင်မှုများဌာနသည် ထိုကန့်သတ်ချက်များအား လူမှုဖူလုံရေး အတ်ဥပဒေ၏ ခေါင်းစဉ် XIX နှင့်အညီ ပြင်ဆင်သတ်မှတ်ထားသည်။

Iowa ၏ အစောပိုင်း ACCESS စည်းမျဉ်းများတွင် အောက်ပါ အာမခံပြောဆိုချက်များ ပါဝင်ပေသည်-

- Fees will not be charged to parents for the services that a
  - မိဘများအား ဝန်ဆောင်မှု အခကြေးများတောင်းခံမည်မဟုတ်ပါ
    မဟုတ်ပါက ကလေးသည် ကုန်ကျစရိတ်မရှိဘဲ လက်ခံရရှိရန် အခွင့်ရှိပေသည် (ဤအပိုင်းနှင့် အပိုင်း I ရှိ ဖော်ပြထားသည့် ဝန်ဆောင်မှုများ အပါအဝင်)။
  - အစောပိုင်း ACCESS ထောက်ပံ့သူများသည် အစောပိုင်း ACCESS ဝန်ဆောင်မှုများ ထောက်ပံ့ပေးရခြင်း အမှန်တကယ် ကုန်ကျစရိတ်ထက် များပြားသော ပမာဏအား ပြန်လည်ငွေပြန်အမ်းပေးမှုကို ရှာဖွေလိမ့်မည်မဟုတ်ပေ။
  - လူထုအာမခံ သို့မဟုတ် အကျိုးအမြတ်ခံစားခွင့်များ၊ သို့မဟုတ် ပုဂ္ဂလအာမခံရှိသည့် မိသားစုများအား လူထုအာမခံ သို့မဟုတ် အကျိုးမြတ်ခံစားခွင့်များ၊ သို့မဟုတ် ပုဂ္ဂလအာမခံ မရှိသည့်မိသားစုများထက်ပိုပြီး အချိုးမညီစွာ ကောက်ခံလိမ့်မည်မဟုတ်ပေ။

ပေးချေရန် စွမ်းဆောင်နိုင်ခြင်းမရှိမှုအပေါ်တွင် လိုအပ်သော အာမခံပြောဆိုချက်သည် အပိုင်း I ပေါ်တွင်အခြေခံ သက်ဆိုင်ခြင်း မရှိပေ။

အကယ်၍ မိသားစုတစ်စုသည် လူသားဝန်ဆောင်မှုများဌာနသို့ လိုအပ်သည့် ဝင်ငွေ သို့မဟုတ် ပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များ ထောက်ပံ့ပေးရန် ပျက်ကွက်ခဲ့လျှင် ထိုမိသားစုသည် Medicaid အကျုံးဝင်မှုအတွက် အရည်အချင်းပြည့်မှီခြင်း ရှိချင်မှ ရှိပေတော့မည်။

ဌာန သို့မဟုတ် အစောပိုင်း ACCESS ဝန်ဆောင်မှုထောက်ပံ့သူသည် အပိုင်း C သို့မဟုတ် အခြားသော ရန်ပုံငွေများအား ပရီမီယံတိုးမြင့်မှုများ၊ နုတ်ယူဖြတ်တောက်မှုများ သို့မဟုတ် အာမခံကြိုတင်ပေးချေမှုများ ကဲ့သို့သော ကုန်ကျစရိတ်များအတွက် ပေးချေရန် အသုံးပြုကောင်း ပြုပေမည်။

မိသားစု အခကြေးစည်းမျဉ်းများနှင့် 34 C.F.R. § 303.520(d)-(e) နှင့် 303.521(d) ရှိ အာမခံဆောင်ရွက်ချက် စည်းမျဉ်းများအား Iowa ပညာရေးဌာနမှ Iowaစီမံအုပ်ချုပ်မှုဆိုင်ရာစည်းမျဉ်း 281—120.520(4)-(5) နှင့် 281—120.521(4) အသီးသီးတို့အတွင်း မွေးစားကျင့်သုံးခဲ့သည်။

အောက်ပါဆောင်ရွက်ချက်များသည် အခကြေးငွေများအရ မဟုတ်ပေ။

- အစောပိုင်း ACCESS အကောင်ထည်ဖော်ဆောင်ရွက်ခြင်း၏ ကလေးရှာဖွေမှု လိုအပ်ချက်များ
- အကဲဖြတ်စစ်ဆေးမှု၊ သုံးသပ်စစ်ဆေးမှု၊ နှင့် အကဲဖြတ်စစ်ဆေးမှုများ၊ သုံးသပ်စစ်ဆေးမှုများသို့ ဆက်နွယ်သက်ဆိုင်သည့် ဆောင်ရွက်ချက်များ
- ဝန်ဆောင်မှု စီမံခန့်ခွဲခြင်း ဝန်ဆောင်မှုများ
- အောက်ပါတို့သို့ ဆက်နွယ်နေသည့် စီမံအုပ်ချုပ်မှုဆိုင်ရာ၊ ခန့်ခွဲမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ-
  - IFSP များ၏ ဖွံ့ဖြိုးတိုးတက်မှု၊ ကြည့်ရှုစစ်ဆေးမှု၊ နှင့် အကဲဖြတ်စစ်ဆေးမှု၊ နှင့် ကြားပိုင်း IFSPများ၊ နှင့်
  - အစောပိုင်း ACCESS လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အန္တရာယ်ကာကွယ်တားဆီးမှုများ နှင့်၊ စည်းမျဉ်းများ 281—120.300မှ 281—120.346 တစ်လျှောက်ရှိ အစောပိုင်း ACCESS ၏ အခြားသော အစိတ်အပိုင်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု

*လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အန္တရာယ်ကာကွယ်တားဆီးမှုများ။* အခကြေး၏ စည်းကြပ်ကောက်ခံမှုအား ယှဉ်ပြိုင်ရန် ဆန္ဒရှိသော မိဘ၊ သို့မဟုတ် ပေးချေမှုပြုရန် မိဘ၏ စွမ်းဆောင်နိုင်မှုအပေါ် ပြည်နယ်၏ ဆုံးဖြတ်ချက်ချမှုသည် အောက်ပါတို့မှ တစ်ခုခုအား ဆောင်ရွက်ကောင်းဆောင်ရွက်ပေမည်-

- ညှိနှိုင်းဖြန်ဖြေမှုတွင် ပါဝင်သည်။
- တရားရုံးမှုတသောလုပ်ငန်းစဉ် ကြားနာခြင်းအား တောင်းဆိုသည်။
- ပြည်နယ် တိုင်ကြားချက်အား ဖိုင်တွဲတင်တိုင်ကြားသည်။
- ငွေကြေးပိုင်းဆိုင်ရာ အဆိုပြုတောင်းဆိုချက်များ (AEA ၏ ဖြေရှင်းမှုဆိုင်ရာ လွယ်ကူချောမွေ့စေသူ လုပ်ငန်းစဉ်၊ သို့မဟုတ် Iowa လူသားဝန်ဆောင်မှုများဌာနဖြင့် Medicaid အကျုံးဝင်မှုအား စီမံအုပ်ချုပ်မှုဆိုင်ရာ အယူခံဝင်မှု ကဲ့သို့သော) ၏ လျှင်မြန်စွာ အဖြေရှာဖြေရှင်းနိုင်မှုအတွက် ပြည်နယ်မှ ထုတ်ပြန်ထားသည့် အခြားသော လုပ်ငန်းစဉ် မှန်သမျှအား အသုံးပြုမှု၊ ထောက်ပံ့ထားသည်မှာ ထိုအသုံးပြုမှုသည် ဤစာပိုဒ်ရှိ ပထမဆုံး တုံးခုအမှတ်သားပြုထားသည့် အိုင်တမ်သုံးချက် မှန်သမျှအား အချိန်မှန်ကန်သော အပြုအမူဖြင့် အသုံးပြုရန် အခွင့်အရေး အပါအဝင် အစောပိုင်း ACCESS လက်အောက်ရှိ မိဘဖြစ်သူ၏ လုပ်ငန်းစဉ်ဆိုင်ရာ အခွင့်အရေးများအား ကြန့်ကြာ သို့မဟုတ် ငြင်းပယ်စေခြင်း မရှိပေ။

ဌာနသည် ဤ လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အန္တရာယ်ကာကွယ်တားဆီးမှုဆိုင်ရာ ရွေးချယ်မှုများအား မိဘများထံသို့ အောက်ပါနည်းလမ်း တစ်ခုခုဖြင့် အကြောင်းကြားရမည်ဖြစ်သည်-

- အစောပိုင်း ACCESS စည်းမျဉ်း 120. 420 (1) လက်အောက်ရှိ အစောပိုင်း ACCESS ဝန်ဆောင်မှုများအား ထောက်ပံ့ပေးရန် သဘောတူခွင့်ပြုချက်အား ရရှိချိန်တွင် ပြည်နယ်၏ ပေးခြေမှု မူဝါဒပေါ်လစီများ စနစ် မိတ္တူကော်ပီအား မိဘများထံသို့ ထောက်ပံ့ပေးခြင်း၊ သို့မဟုတ်

အစောပိုင်း ACCESS စည်းမျဉ်း 281-120.421 လက်အောက်တွင် မိဘများထံသို့ ဤအချက်အလက်များအပါအဝင် သတိပေးချက်အား ထောက်ပံ့မှု။

## VI. အခွင့်အာဏာများ

Iowa Code ch. 256B (2011)

34 C.F.R. § 303.510 (2011)
34 C.F.R. § 303.520 (2011)
34 C.F.R. § 303.521 (2011)

Iowa Admin. Code r. 281—120.510 (2012)
Iowa Admin. Code r. 281—120.520 (2012)
Iowa Admin. Code r. 281—120.521 (2012)

## နောက်ဆက်တွဲ A

## MEDICAID ၏ အစောပိုင်း ACCESS အသုံးပြုမှုနှင့်စပ်လျဉ်းသည့် ရေးသား သတိပေးချက်

ပညာရေးဌာန ("ဌာန") သို့မဟုတ် အစောပိုင်း ACCESS ဝန်ဆောင်မှုထောက်ပံ့ပေးသူမှ သင့် လူထုအကျိုးအမြတ်ခံစားခွင့်များ သို့မဟုတ် အာမခံ၊ သို့မှမဟုတ် သင့်ကလေး၏ လူထုအကျိုးအမြတ်ခံစားခွင့်များ သို့မဟုတ် အာမခံ စသည်တို့အား အစောပိုင်း ACCESS ဝန်ဆောင်မှုများအတွက် ပေးချေရန်အလို့ငှာ အသုံးပြုခြင်းမတိုင်မီ အဇောင်စီသည် သင့်ထံသို့ ရေးသား သတိပေးချက်အား ထောက်ပံ့ပေးရမည်ဖြစ်သည်။ အောက်ပါ ထွက်ဆိုချက်များအား ကျေးဇူးပြု၍ ဂရုတစိုက် ဖတ်ရှုပါ။

<u>Medicaid</u>

- ငွေကြေးပြေစာကောက်ခံခြင်းဆိုင်ရာ ရည်ရွယ်ချက်များအတွက် လူသားဝန်ဆောင်မှုများဌာန၊ ပြည်နယ်၏ Medicaid အစီအစဉ် စီမံအုပ်ချုပ်မှုအတွက် တာဝန်ရှိသော ပြည်နယ် လူထုအေဂျင်စီ စသည်တို့ထံသို့ သင့်ကလေး၏ ပုဂ္ဂိုလ်ရေးရာဖော်ထုတ်မှုပြုနိုင်သည့်အချက်အလက်များအား ဌာန သို့မဟုတ် အစောပိုင်း ACCESS ထောက်ပံ့သူမှ ဖွင့်ဟခြင်း မပြုမီတွင် အစောပိုင်း ACCES စည်းမျဉ်း 281-120.414 (34CFR303) အရ (အကယ်၍ စည်းမျဉ်းသက်ရောက်ခြင်းရှိလျှင်) မိဘအုပ်ထိန်းသူဆိုင်ရာ သဘောတူခွင့်ပြုချက်အား လက်ခံရရှိရမည်ဖြစ်သည်။
- အစောပိုင်း ACCESS စည်းမျဉ်း 281-120.414 (34CFR303) အရ မည်သည့်အချိန်တွင်မဆို Medicaid ငွေကြေးပြေစာ ကောက်ခံခြင်းဆိုင်ရာ ရည်ရွယ်ချက်များအတွက် လူသားဝန်ဆောင်မှုများဌာန သို့ ပုဂ္ဂိုလ်ရေးရာဖော်ထုတ်မှုပြုနိုင်သည့် အချက်အလက်များ ဖွင့်ဟမှုသို့ ၎င်းတို့၏ သဘောတူခွင့်ပြုချက်အား ရုတ်သိမ်းရန်အခွင့် မိဘများထံတွင် ရှိပေသည်။
- အစောပိုင်း ACCESS ဝန်ဆောင်မှုများ လက်ခံရရှိခြင်း အခြေအနေတစ်ခုအဖြစ်ဖြင့် လူထုအကျိုးအမြတ်ခံစားခွင့်များ သို့မဟုတ် အာမခံအစီအစဉ်များတွင် စာရင်းသွင်းရန် သို့မဟုတ် ဝင်ရောက်ရန် သင့်အား ဌာန သို့မဟုတ် အခြား အစောပိုင်း ACCESS ဝန်ဆောင်မှု ထောက်ပံ့ပေးသူမှ လိုအပ်လိမ့်မည်မဟုတ်ပေ၊ ထိုသို့သောအစီအစဉ်တွင် သင် သို့မဟုတ် သင့်ကလေးသည် စာရင်းသွင်းခြင်း မပြုရသေးလျှင် သင့် လူထုအကျိုးအမြတ်ခံစားခွင့်များ သို့မဟုတ် အာမခံ၊ သို့မှမဟုတ် သင့်ကလေး၏ လူထုအကျိုးအမြတ်ခံစားခွင့်များ သို့မဟုတ် အာမခံအား အသုံးပြုခြင်းအတွက် သင့် သဘောတူခွင့်ပြုချက်အား ကြိုတင် လက်ခံရရှိရမည်ဖြစ်သည်။ အကယ်၍ ထိုအသုံးပြုမှုသည် အောက်ပါအခြေအနေအတိုင်းဖြစ်လျှင် ဌာန သို့မဟုတ် အစောပိုင်း ACCESS ဝန်ဆောင်မှုထောက်ပံ့ပေးသူသည် အစောပိုင်း ACCESSဝန်ဆောင်မှုများအတွက် ပေးချေရန်အလို့ငှာ သင့်ကလေး၏ သို့မဟုတ် သင့် လူထုအကျိုးအမြတ်ခံစားခွင့်များ သို့မဟုတ် အာမခံအား အသုံးပြုနိုင်ရန် သင့် သဘောတူခွင့်ပြုချက်အား လက်ခံရရှိရမည်ဖြစ်သည်-
    - ထိုအစီအစဉ်လက်အောက်တွင် သင့်ကလေး သို့မဟုတ် သင့်အတွက် ရရှိနိုင်သော တစ်သက်တာ အကျုံးဝင်မှု  သို့မဟုတ် အခြားသော အာမခံထားသည့် အကျိုးအမြတ်ခံစားခွင့်များ မှန်သမျှသည် လျော့ကျသွားသည်၊
    - သို့မှမဟုတ်လျှင် လူထုအကျိုးအမြတ်ခံစားခွင့်များ သို့မဟုတ် အာမခံအစီစဉ်ဖြင့် အကျုံးဝင်ခြင်းခံရနိုင်သော ဝန်ဆောင်မှုများအတွက် သင့်ပေးချေခြင်း ရလဒ်ထွက်ပေါ်သည်၊
    - သင် သို့မဟုတ် သင့်ကလေးအတွက် လူထုအကျိုးအမြတ်ခံစားခွင့်များ သို့မဟုတ် အာမခံ၏ ပရီမီယံကြေးများ သို့မဟုတ် ဆက်လက်ခြင်းမပြုမှုတွင် တိုးမြင့်မှု ရလဒ်ထွက်ပေါ်သည်၊ သို့မှမဟုတ်
    - အမျိုးမျိုးပေါင်းစပ်ထားသည့် ကျန်းမာရေးသို့ဆက်နွယ်သည့် ကုန်ကျစရိတ်များအပေါ်တွင် အခြေခံပြီး နေအိမ် နှင့် လူမှုအသိုင်းဝိုင်း အခြေခံ ရပ်ဆိုင်းတားမြစ်မှုများအတွက် သင် သို့မဟုတ် သင့်ကလေး၏ အရည်အချင်းပြည့်မီမှု ဆုံးရှုံးနိုင်သည့် အန္တရာယ်ဖြစ်ပေါ်သည်။

အကယ်၍ သင်သည် သဘောတူခွင့်ပြုချက် ထောက်ပံ့ပေးခြင်းမပြုလျှင်ပင် အေဂျင်စီသည် သင် သဘောတူခွင့်ပြုချက်ထောက်ပံ့ပေးခဲ့သည့် IFSP ပေါ်ရှိ အစောပိုင်း ACCESS ဝန်ဆောင်မှုများ ဆက်လက် ရရှိစေမည်ဖြစ်သည်။

- Medicaid ကဲ့သို့သော လူထုအကျိုးအမြတ်ခံစားခွင့်များ သို့မဟုတ် အာမခံ အသုံးပြုမှုအတွက် အာမခံကြိုတင်ပေးချေမှုများ သို့မဟုတ် နှုတ်ယူဖြတ်တောက်မှုများ မှန်သမျှအတွက် ဌာန သို့မဟုတ် အခြား အစောပိုင်း ACCESS ထောက်ပံ့ပေးသူသည် သင့်ထံမှ ကောက်ခံလိမ့်မည်မဟုတ်ပေ။ အကယ်၍ ရရှိနိုင်သော ပုဂ္ဂလိက ကျန်းမာရေးအာမခံ အကျုံးဝင်မှုရှိလျှင် လူသားဝန်ဆောင်မှုများ ဌာနသည် Medicaid အားအစိုးရသည့်ဥပဒေအရ ၎င်းသို့ ဝင်ရောက်ရရှိခွင့်အား ရှာဖွေရန် လိုအပ်ပေသည်။

Medicaid- အရည်အချင်းပြည့်မီခြင်းရှိချိန်တွင် ပုဂ္ဂလိကအာမခံ အကျုံးဝင်မှု

- သင့်ကလေးအတွက် အစောပိုင်း ACCESS ဝန်ဆောင်မှုများအား ပေးချေရန်အလို့ငှာ ထို ပုဂ္ဂလိကအာမခံအား အသုံးပြုရန် သင် သဘောတူခွင့်ပြုချက် ပေးသည့်အခြေအနေမှလွဲ၍ အစောပိုင်း ACCESS ဝန်ဆောင်မှုများတွက် ပေးချေပေးရန် သင့် ပုဂ္ဂလိက အာမခံအား ဌာနမှ အသုံးပြုချင်မှုပြုပေမည်။ ဤတွင် Medicaid ကဲ့သို့သော လူထုအကျိုးအမြတ်ခံစားခွင့်များ သို့မဟုတ် အာမခံအား အသုံးပြုခြင်းမတိုင်မီ ရရှိနိုင်သော ပုဂ္ဂလအာမခံအား လိုအပ်ချိန်တွင် ပုဂ္ဂလိကအာမခံအသုံးပြုမှု ပါဝင်သည်။
- ပုဂ္ဂလိကအာမခံအား အသုံးပြုရန် သင့် သဘောတူခွင့်ပြုချက်အား အောက်ပါအခြေအနေများတွင် ရရှိရမည်ဖြစ်သည်-
    - IFSP ရှိ အစောပိုင်း ACCESS ဝန်ဆောင်မှုတစ်ခု၏ ကနဦး ထောက်ပံ့မှုအတွက် ပေးချေရန် သင့် ပုဂ္ဂလိကအာမခံ သို့မဟုတ် အကျိုးအမြတ်ခံစားခွင့်များအား လူထုအေဂျင်စီ သို့မဟုတ် အစောပိုင်း ACCESS ထောက်ပံ့သူမှ အသုံးပြုရန် ရှာဖွေချိန်တွင်၊ နှင့်
    - သင့်ကလေး၏ IFSP ရှိ ဝန်ဆောင်မှုများ၏ထောက်ပံ့မှုတွင်ရှိသော (ကြိမ်နှုန်း၊ အလျား၊ ကြာချိန်၊ သို့မဟုတ် ပြင်းအား) တိုးမြင့်မှု အတွက်ကြောင့် အစောပိုင်း ACCESS စည်းမျဉ်း 281-120.420(1) လက်အောက်တွင် ဝန်ဆောင်မှုများအတွက် သဘောတူခွင့်ပြုချက်အား လိုအပ်သည့် အကြိမ်တိုင်းတွင်။
- အစောပိုင်း ACCESS ဝန်ဆောင်မှုများအတွက်ပေးခြေရန် (အာမခံကြိုတင်ပေးချေမှုများ၊ ပရီမီယံတိုးမြင့်မှုများ၊ သို့မဟုတ် နှုတ်ယူဖြတ်တောက်မှုများ ကဲ့သို့သော) ပြည်နယ်၏ ပုဂ္ဂလအာမခံ အသုံးပြုမှု ရလဒ်အဖြစ်ဖြင့် သင့်ထံတွင် ကျသင့်မည်ဖြစ်သော ကုန်ကျစရိတ်များ မှန်သမျှအား ပေးခြေပေးရန် ဌာနမှ သင့်အား မလိုအပ်ပေ။ သင့်တောင်းဆိုမှုအပေါ်တွင် ထိုကုန်ကျစရိတ် များအတွက် သင့်တော်ရာ လူထုအေဂျင်စီသည် မိဘများထံ ပြန်လည်ငွေပြန်အမ်းပေးပေမည်။
- အစောပိုင်း ACCESS ဝန်ဆောင်မှုတစ်ခုအတွက် ပေးချေရန် သင့်ကလေး၏ သို့မဟုတ် သင့် ပုဂ္ဂလအာမခံ ပေါ်လစီမူဝါဒအရ ပုဂ္ဂလအာမခံ သို့မဟုတ် အကျိုးမြတ်ခံစားခွင့်များ သို့မဟုတ် အကျိုးခံစားမှု ကနဦးအသုံးပြုခြင်းအတွက် လိုအပ်သော သင့် သဘောတူခွင့်ပြုချက်အား ရရှိချိန်တွင် ပြည်နယ်သည် မိဘဖြစ်သူထံသို့ ဌာန၏ ပေးချေမှု မူဝါဒပေါ်လစီများ စနစ် မိတ္တူ ကော်ပီအား ထောက်ပံ့ပေးသည်။ ဤသည်တို့မှာ မိဘဖြစ်သူ၏ ပုဂ္ဂလအာမခံအား အစောပိုင်း ACCESS ဝန်ဆောင်မှုများ အတွက် ပေးချေရန် အသုံးပြုချိန်တွင် သင့်ထံသို့ ကျသင့်ကောင်းကျသင့်မည်ဖြစ်သော ဖြစ်နိုင်ခြေရှိသည့် ကုန်ကျစရိတ်များ ဖြစ်သည်-
    - အာမခံကြိုတင်ပေးချေမှုများ၊ ပရီမီယံတိုးမြင့်မှုများ၊ သို့မဟုတ် နှုတ်ယူဖြတ်တောက်နိုင်မှုများ (ဖော်ပြပါအားလုံးအား ပြန်လည်ငွေပြန်အမ်းခြင်းခံရပေမည်)၊ နှင့်
    - အာမခံပေါ်လစီလက်အောက် နှစ်စဉ် သို့မဟုတ် တစ်သက်တာ ကျန်းမာရေးအာမခံ အကျုံးဝင်မှု ကပ်စ်များအတွက်ကြောင့် အကျိုးအမြတ်ခံစားခွင့်အား ဆုံးရှုံးမှု ကဲ့သို့သော အခြား ရေရှည် ကုန်ကျစရိတ်များ။

အကယ်၍ သင့်ထံတွင် ပုဂ္ဂလအာမခံအကျုံးဝင်မှုနှင့်ပတ်သက်ပြီး မေးခွန်းများရှိလျှင် သင့်နေဖြင့် သင့် ပုဂ္ဂလိက ကျန်းမာရေးအာမခံ ထောက်ပံ့ပေးသူထံသို့ ဆက်သွယ်နိုင်သည်။ သင့် ဝန်ဆောင်မှု စီမံဆောင်ရွက်ပေးသူသည် ထိုကိစ္စရပ်များတွင် အထောက်အကူ ပေးကောင်းပေးပေမည်။

- အကယ်၍ Medicaid အဆိုပြုတောင်းဆိုမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် သင်၏ သို့မဟုတ် ကလေး၏ ပုဂ္ဂလအာမခံအား အသုံးပြုရန် သဘောတူခွင့်ပြုချက်အား သင်မှ ဆိုင်းငံ့ထားလျှင်ပင် ဌာနနှင့် အစောပိုင်း ACCESS ဝန်ဆောင်မှုထောက်ပံ့ပေးသူသည် Medicaid ပြန်လည်ငွေပြန်အမ်းပေးမှုအတွက် တောင်းဆိုအဆိုပြုမှုအား ဖိုင်တွဲတင်လိမ့်မည်မဟုတ်ပေ။
- အကယ်၍ Medicaid အဆိုပြုတောင်းဆိုမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် သင်၏ သို့မဟုတ် ကလေး၏ ပုဂ္ဂလအာမခံအား အသုံးပြုရန် သဘောတူခွင့်ပြုချက်အား သင်သည် ထောက်ပံ့ခြင်းမပြုလျှင်ပင် အေဂျင်စီသည် သင် သဘောတူညီပြီးဖြစ်သော IFSP ပေါ်ရှိ အစောပိုင်း ACCESS ဝန်ဆောင်မှုများအား ဆက်လက်ရရှိစေမည်ဖြစ်သည်။

## နောက်ဆက်တွဲ B
## MEDICAID အသုံးပြုမှု - "ကုန်ကျစရိတ်မရှိသည့်" ထောက်ပံ့မှုများ

**အစောပိုင်း ACCESS ဝန်ဆောင်မှုများအတွက် ပေးခြေပေးရန် လူထုအကျိုးအမြတ်ခံစားခွင့်များ သို့မဟုတ် အာမခံ သို့မဟုတ် ပုဂ္ဂလိက အာမခံအား အသုံးပြုမှုနှင့်သက်ဆိုင်သည့် 281-120.520 (34CFR303) မူဝါဒပေါ်လစီများ**

**120. 520 (1)** အစောပိုင်း ACCESSဝန်ဆောင်မှုများအတွက် ပေးခြေရန် လူထုအကျိုးအမြတ်ခံစားခွင့်များ သို့မဟုတ် လူထုအာမခံအား အသုံးပြုမှု။

****

b. အပိုင်း C ဝန်ဆောင်မှုများအတွက် ပေးချေပေးရန် ကလေး သို့မဟုတ် မိဘဖြစ်သူ၏ လူထုအကျိုးအမြတ်ခံစားခွင့်များ သို့မဟုတ် အာမခံအား ပြည်နယ်၏ အသုံးပြုမှုနှင့်စပ်လျဉ်း၍ ပြည်နယ်သည်-

(1) အပိုင်း C ဝန်ဆောင်မှုများ လက်ခံရရှိခြင်း၏ အခြေအနေတစ်ခုအဖြစ်ဖြင့် လူထုအကျိုးအမြတ်ခံစားခွင့်များ သို့မဟုတ် အာမခံ အစီအစဉ်များသို့ စာရင်းသွင်းရန် သို့မဟုတ် ဝင်ရောက်ရန် မိဘဖြစ်သူ လိုအပ်ချင်မှလိုအပ်မည်ဖြစ်ပြီး၊ အကယ်၍ ကလေး သို့မဟုတ် မိဘဖြစ်သူသည် ထိုသို့သော အစီအစဉ်တွင် စာရင်းသွင်းထားရခြင်း မရှိသေးလျှင် ကလေး သို့မဟုတ် မိဘ၏ လူထုအကျိုးအမြတ် ခံစားခွင့်များ သို့မဟုတ် အာမခံ အသုံးပြုမှုသို့ ကြိုတင် သဘောတူခွင့်ပြုချက်အား ရရှိရမည်ဖြစ်သည်၊

(2) စည်းမျဉ်း 281-120.7 (34CFR303) နှင့် စည်းမျဉ်းခွဲ 120. 420 (1) အရ အပိုင်း Cဝန်ဆောင်မှုများအတွက် ပေးချေရန် အလို့ ငှာ ကလေး သို့မဟုတ် မိဘ၏ လူထုအကျိုးအမြတ်ခံစားခွင့်များ သို့မဟုတ် အာမခံအား အသုံးပြုရန် သဘောတူခွင့်ပြုချက်အား လက်ခံရရှိရမည်ဖြစ်သည်၊ အကယ်၍ ထိုအသုံးပြုမှုသည် အောက်ပါအတိုင်း ဖြစ်လျှင်ဖြစ်သည်-

1. ထိုအစီစဉ်လက်အောက်တွင် ကလေး သို့မဟုတ် မိဘအတွက် ရရှိနိုင်သော တစ်သက်တာ အကျုံးဝင်မှု သို့မဟုတ် အခြားသော အာမခံထားသည့် အကျိုးအမြတ်ခံစားခွင့်များ မှန်သမျှသည် လျော့ကျသွားသည်၊

2. သို့မှမဟုတ်လျှင် လူထုအကျိုးအမြတ်ခံစားခွင့်များ သို့မဟုတ် အာမခံအစီအစဉ်ဖြင့် အကျုံးဝင်ခြင်း ခံရနိုင်သော ဝန်ဆောင်မှုများအတွက် ကလေး၏ မိဘများမှ ပေးချေခြင်း ရလဒ်ထွက်ပေါ်သည်၊

3. ကလေး သို့မဟုတ် ကလေး၏မိဘများအတွက် လူထုအကျိုးအမြတ်ခံစားခွင့်များ သို့မဟုတ် အာမခံ၏ ပရီမီယံကြေးများ သို့မဟုတ် ဆက်လက်ခြင်းမပြုမှုတွင် တိုးမြင့်မှု ရလဒ်ထွက်ပေါ်သည်၊ သို့မှမဟုတ်

4. အမျိုးမျိုးပေါင်းစပ်ထားသည့် ကျန်းမာရေးသို့ဆက်နွယ်သည့် ကုန်ကျစရိတ်များအပေါ်တွင် အခြေခံပြီး နေအိမ် နှင့် လူမှုအသိုင်းဝိုင်း အခြေခံ ရပ်ဆိုင်းတားမြစ်မှုများအတွက် ကလေး သို့မဟုတ် ကလေးမိဘများ၏ အရည်အချင်း ပြည့်မှီမှု ဆုံးရှုံးနိုင်သည့် အန္တရာယ်ဖြစ်ပေါ်သည်။

(3) အကယ်၍ မိဘဖြစ်သူသည် စာပိုဒ် 120. 520 (1) "b" အရ သဘောတူခွင့်ပြုချက်အား ထောက်ပံ့ပေးခြင်း မပြုလျှင်ပင် ပြည်နယ်သည် မိဘဖြစ်သူမှ သဘောတူညီပြီးဖြစ်သော IFSP ပေါ်ရှိ အပိုင်း C ဝန်ဆောင်မှုများအား ဆက်လက် ရရှိစေဆဲဖြစ်သည်။

****

## နောက်ဆက်တွဲ C
## "မတတ်သာသည့်နောက်ဆုံး ပေးချေသူ" ထောက်ပံ့မှုများ

**281-120. 510 (34CFR303) မတတ်သာသည့်နောက်ဆုံး ပေးချေသူ**

**120. 510 (1***) ရန်ပုံငွေများ၏ အစားထိုးခြင်းမပြုမှု*။ စည်းမျဉ်းခွဲ 120. 510 (2) တွင် ထောက်ပံ့ထားသည့်အခြေအနေမှ လွဲ၍ ဤအခန်းလက်အောက်တွင်ရှိသော ရန်ပုံငွေများသည် ကာကွယ်ရေးဌာနမှ စီမံအုပ်ချုပ်မှုပြုသည့် ဆေးဘက်ဆိုင်ရာ အစီအစဉ်မှန်သမျှ အပါအဝင်၊ အခြားသော လူထု သို့မဟုတ် ပုဂ္ဂလ အရင်းအမြစ်မှ ပေးချေခြင်းခံရနိုင်သည့် ဝန်ဆောင်မှုများအတွက် ငွေကြေးပိုင်းဆိုင်ရာ ကတိကဝတ်ပြုမှုကို ကျေနပ်မှုရှိစေရန် အသုံးပြုချင်မှုပြုပေမည်၊ သို့သော် အတ်ဥပဒေ၏ အပိုင်း C တရားဥပဒေ လုပ်ငန်းစဉ်အတွက်မူ အသုံးပြုကောင်းပြုပေမည်။ သို့ဖြစ်၍ ဤအခန်းလက်အောက်တွင်ရှိသော ရန်ပုံငွေများအား မသန်စွမ်းမှုများရှိသည့် မွေးကင်းစ သို့မဟုတ် လမ်းလျှောက်တတ်ကာစကလေးငယ် လိုအပ်သည့် အစောပိုင်း ကြားဝင်ဆောင်ရွက်မှု ဝန်ဆောင်မှုများအတွက်သာလျှင် အသုံးပြုကောင်းပြုမည်ဖြစ်သော်လည်း  လက်ရှိတွင်မူ အခြားသော ဖယ်ဒရယ်၊ ပြည်နယ်၊ ဒေသခံ သို့မဟုတ် ပုဂ္ဂလ အရင်းအမြစ်များမှ ပြုလုပ်သော ပေးချေမှုများရရှိရန် အခွင့်မရှိသေးပေ (စည်းမျဉ်းများ 281-120. 520 (34CFR303) နှင့် 281-120. 521 (34CFR303) အရ)။

**120. 510 (2***) ကြားပိုင်း ပေးချေမှုများ - ပြန်လည်ငွေပြန်အမ်းပေးမှု*။ အကယ်၍ ကလေး သို့မဟုတ် ကလေး၏မိသားစုသို့ သင့်တော်ရာ အစောပိုင်း ကြားဝင်ဆောင်ရွက်မှု ဝန်ဆောင်မှုများ အချိန်မှန်ထောက်ပံ့မှုတွင် ကြန့်ကြာမှုတစ်စုံတစ်ရာအား ကာကွယ်တားဆီးရန် လိုအပ်ပါက အတ်ဥပဒေ၏ အပိုင်း C လက်အောက်တွင်ရှိသော ရန်ပုံငွေများအား ဝန်ဆောင်မှုများ၏ ထောက်ပံ့သူအား ပေးခြေရန် အသုံးပြုကောင်းပြုမည်ဖြစ်သည် ၊ (စည်းမျဉ်း 281- 120. 16 (34CFR303) တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့်အတိုင်း ကျန်းမာရေးဝန်ဆောင်မှုများအပါအဝင် ဤအခန်းလက်အောက်တွင်ရှိသော အခွင့်အာဏာရရှိထားသည့် ဝန်ဆောင်မှုများနှင့် ဆောင်ရွက်ချက်များ အတွက်၊ (သို့သော် ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုများ မဟုတ်ပေ) - စည်းမျဉ်းများ 281—120.115(34CFR303) မှ 281—120.117(34CFR303) တစ်လျှောက်နှင့် စည်းမျဉ်းများ 281—120.301(34CFR303) မှ 281— 120.320(34CFR303) တစ်လျှောက်ရှိ ဖော်ပြထားသော ကလေး ရှာဖွေမှု စနစ်၏ ဆောင်ရွက်ချက်များ -  နှင့် စည်းမျဉ်းများ 281— 120.321(34CFR303) ရှိ အကဲဖြတ်စစ်ဆေးမှုများနှင့် သုံးသပ်စစ်ဆေးမှုများ)၊ ပေးခြေမှုအတွက် အဆုံးသတ် အခွင့်အာဏာရှိသည့် အေဂျင်စီ သို့မဟုတ် အဖွဲ့အစည်းထံမှ ပြန်လည်ငွေပြန်အမ်းပေးမှု ရရှိခြင်း။

**120. 510 (3)** *အကျိုးအမြတ်ခံစားခွင့်များ၏ လျှော့ချခြင်းမရှိမှု*။ အတ်ဥပဒေ၏ အပိုင်း C အရ ကလေး၏ IFSP လက်ခံကျင့်သုံးမှုတွင် ထိုဝန်ဆောင်မှုများ ပါဝင်ချိန်တွင် မသန်စွမ်းမှုရှိသည့် မွေးကင်းစ သို့မဟုတ် လမ်းလျှောက်တတ်ကာစ ကလေးငယ်သို့ မွမ်းမံပေးထားသည့် ဝန်ဆောင်မှုများအတွက် ဆေးဘက်ဆိုင်ရာ ထောက်ပံ့ကူညီမှုနှင့်ပတ်သက်ပြီး SSA ၏ ပုဒ်မ 1903(a) အပါအဝင်၊  လူမှုဖူလုံရေး အတ်ဥပဒေ၏ ခေါင်းစဉ် V ၊ 42 U.S.C. 701 et seq. (SSA) လက်အောက်ရှိ (မိခင်နှင့် ကလေးကျန်းမာရေး သို့ဆက်နွယ်နေသော) သို့မဟုတ် SSA ၏ ခေါင်းစဉ် XIX ၊ 42 U.S.C. 1396 (Medicaid သို့ဆက်နွယ်နေသော) အရ ဤအခန်းလက်အောက်တွင်ရှိသော မည်သည့်အရာမဆိုသည် ပြည်နယ်မှ ဆေးဘက်ဆိုင်ရာ သို့မဟုတ် ပြည်နယ်တွင်ရရှိနိုင်သော အခြားထောက်ပံ့မှုများ လျှော့ချပစ်ရန်၊ သို့မှမဟုတ် အရည်အချင်းပြည့်မှီမှုအား ပြောင်းလဲပစ်နိုင်ရန် တည်ဆောက်ရေးဆွဲထားခြင်းမဟုတ်ပေ။